# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၂ ရက် | ၂၀၂၃ ခုနှစ်၊ ဇူလိုင် ၄ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၂)၊ အမှတ်(၂၇၃)


**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ ၂၀၂၃ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်




မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ တပ်မတော် (ကြည်း) ထူးချွန်အမျိုးသမီးအရာရှိ ဒုတိယဗိုလ် သိမ့်နန္ဒာအောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇူလိုင် ၃**

၂၀၂၃ ခုနှစ် မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယကများဖြစ်ကြသည့် ဒေါ်ခင်သက်ဌေး၊ ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၏ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၏ ဇနီး၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၏ ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဇနီး၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ဇနီး၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဝန်ကြီးဌာနအသီးသီးမှ အကြီးအကဲများ၊ ဝန်ထမ်းများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် အမျိုးသမီးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က Video Message ဖြင့် အဖွင့်မိန့်ခွန်းပြောကြားသည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မိန့်ခွန်းကို စာမျက်နှာ-၃ တွင် သီးခြားဖော်ပြထားပါသည်။)**

*စာမျက်နှာ ၄ ကော်လံ ၁* ◆

ယနေ့ *ဖတ် စ ရာ*

**ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ**

ပြည်တွင်းသတင်း | စာ ၉

**ဖြစ်ရပ်မှန် ကမ္ဘာ့မြင်ကွင်းကြားက ရယူအပ်ရာ သင်ခန်းစာများ**

ဆောင်းပါး | စာ ၁၀

**အစ္စရေးက အနောက်ဘက်ကမ်းမြောက်ပိုင်းရှိ ဂျနင်းမြို့ကို ကြီးမားသည့် စစ်ရေးတိုက်ခိုက်မှုပြုလုပ်**

နိုင်ငံတကာသတင်း | စာ ၁၃

**မောင်တော ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများနှင့် စက်မှုကုန်ချောပစ္စည်းများကို အဓိက တင်ပို့လျက်ရှိ**

စီးပွားရေးသတင်းများ | စာ ၁၆

## နိုင်ငံ့လူဦးရေထက်ဝက်ကျော်ရှိ အမျိုးသမီးများ ဘက်စုံဖွံ့ဖြိုးရေး

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အခြေခံပြီး ခန့်မှန်းတွက်ချက်မှုများအရ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁ ရက်နေ့တွင် မြန်မာနိုင်ငံ၏ လူဦးရေမှာ ၅၅ ဒသမ ၈ သန်းရှိသည်။ အဆိုပါလူဦးရေ၏ ထက်ဝက်ကျော်မှာ အမျိုးသမီးများဖြစ်ပြီး အမျိုးသားဦးရေထက် နှစ်သန်းကျော် ပိုမိုများပြားရာ နိုင်ငံအတွက် အဖိုးတန်သော လူသားအရင်းအမြစ်များပင် ဖြစ်သည်။

သို့ရာတွင် ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း နှစ်ချုပ်အစီရင်ခံစာအရ အသက် ၁၅ နှစ်နှင့်အထက် အမျိုးသမီး စာတတ်မြောက်မှုနှုန်းသည် အမျိုးသား စာတတ်မြောက်မှုနှုန်းအောက် ၆ ရာခိုင်နှုန်းခန့် လျော့နည်းနေခြင်း၊ အသက် ၁၅ နှစ်နှင့် အထက် လူဦးရေ၏ လုပ်သားအင်အား ပါဝင်မှုနှုန်းတွင်လည်း အမျိုးသားလုပ်သားအင်အား ပါဝင်မှုနှုန်းအောက် အနည်းငယ်လျော့နည်းနေခြင်းတို့ကို တွေ့ရသည်။ အဆိုပါ အစီရင်ခံစာအရ အမျိုးသမီးဦးရေ ၁၀၀ တွင် ၅၂ ဦးခန့်သာ အလုပ်လုပ်နေခြင်းဖြစ်ရာ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အမျိုးသမီးများ၏ လုပ်အားကို အပြည့်အဝအသုံးမချနိုင်သေးသည့် အခြေအနေပင်ဖြစ်သည်။ ယင်းနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်းတွင် "ဒီကိန်းဂဏန်းအချက်အလက်တွေအရ အမျိုးသမီးများ အထူးသဖြင့် အမျိုးသမီးငယ်ရွယ်များရဲ့ လူမှုစီးပွားဘဝ အခြေအနေမြင့်မားရေးအတွက် ပညာသင်ကြား တတ်မြောက်ရေးကို မြှင့်တင်ပေးဖို့လိုပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ကောင်းမွန်စေရေးအတွက် အလုပ်လုပ်ကိုင်နိုင်တဲ့ အရွယ်ရှိ အမျိုးသမီးများရဲ့ အလုပ်လုပ်နိုင်တဲ့စွမ်းရည်များ ကျွမ်းကျင်ပိုင်နိုင်နေဖို့ လိုအပ်ကြောင်း တွေ့ရှိရပါတယ်" ဟူ၍ ထည့်သွင်းပြောကြားခဲ့သည်။

ထို့အပြင် အမျိုးသမီးများနှင့်စပ်လျဉ်း၍ အကာအကွယ်ပြုရမည့်အချက်မှာ အိမ်တွင်းအကြမ်းဖက်မှုဖြစ်သည်။ စင်စစ် အိမ်တွင်းအကြမ်းဖက်မှုများသည် မြန်မာ့ဓလေ့ယဉ်ကျေးမှုများနှင့် ဖီလာဆန့်ကျင်နေသော်လည်း မြန်မာ့လူမှုအသိုင်းအဝိုင်းတွင် များစွာအသံမထွက်ဘဲ ရှိနေသည်ကို သတိပြုရန်လိုသည်။ အိမ်တွင်းအကြမ်းဖက်မှုများဆိုသည်မှာ လင်နှင့်မယား၊ မိဘနှင့်သားသမီး၊ သမီးရည်းစားတို့အကြားတွင် ကျူးလွန်သည့် အကြမ်းဖက်မှုများပင်ဖြစ်သည်။ အကြမ်းဖက်သည့် အပြုအမူများတွင် ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်း၊ အကျပ်ကိုင်ခြိမ်းခြောက်ခြင်း၊ ဂုဏ်သိက္ခာညစ်နွမ်းစေခြင်း၊ ပိတ်လှောင်ချုပ်နှောင်ထားခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊ သီးခြားခွဲထားကာ ရုပ်ပိုင်းအရရော စိတ်ပိုင်းအရပါ ထိခိုက်ဆုံးရှုံးမှု ဖြစ်ပေါ်စေခြင်း၊ ငွေကြေးလက်ဝါးကြီးအုပ်ထားခြင်း၊ ဆန္ဒမပါဘဲ လိင်ဆက်ဆံမှုပြုစေခြင်း၊ မကျန်းမာချိန်တွင် ဆေးကုသမှုမပေးခြင်း စသည်တို့ပါဝင်ပြီး အိမ်တွင်းအကြမ်းဖက်မှုများတွင် အများစုမှာ အမျိုးသမီးများအပေါ် ကျူးလွန်ကြခြင်းဖြစ်သည်။ မိမိတို့နိုင်ငံတွင် အသက် ၁၅ နှစ်မှ ၁၉ နှစ်အထိ အမျိုးသမီးဦးရေ ၁၀၀ တွင် ၁၅ ဦးသည် အသက် ၁၅ နှစ်အရွယ်ကတည်းက ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံနေကြရပြီး အသက် ၁၅ နှစ်မှ ၁၉ နှစ်အတွင်းရှိ အိမ်ထောင်သည်အမျိုးသမီး ၅ ပုံ ၁ ပုံသည် အိမ်ထောင်ဖက်၏ အကြမ်းဖက်မှုကို တွေ့ကြုံခံစားနေကြရသည်ဟုဆိုရာ အိမ်တွင်းအကြမ်းဖက်မှု အပြုအမူများနှင့် စပ်လျဉ်း၍ အသိပညာပေးခြင်းနှင့် ထိရောက်စွာ ကာကွယ်ပေးခြင်းတို့ကို မြန်မာ့လူ့ဘောင်အသိုင်းအဝိုင်းတစ်ရပ်လုံးက အလေးအနက်ပြုကြဖို့လိုသည်။

အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံ့လူဦးရေ၏ ထက်ဝက်ကျော် အမျိုးသမီးများ တည်ရှိနေသည့် မိမိတို့နိုင်ငံအတွက် လွန်စွာအရေးကြီးသည့်အလျောက် အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃ - ၂၀၂၂) ရေးဆွဲဆောင်ရွက်ခဲ့ရာ ကဏ္ဍစုံ၊ နယ်ပယ်စုံတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ ပိုမိုတိုးတက်မြင့်မားလျက်ရှိသည်။ အမျိုးသမီးငယ်ရွယ်များ၏ လူမှုစီးပွားဘဝများ မြင့်မားရေးအတွက် ပညာသင်ကြားတတ်မြောက်ရေး၊ အမျိုးသမီးများ အလုပ်လုပ်နိုင်သည့် စွမ်းရည်များ ကျွမ်းကျင်ပိုင်နိုင်ရေးတို့သည် မိသားစုဝင်များနှင့်တကွ အမျိုးသမီးငယ်ရွယ်များ၏ အမြော်အမြင်ကြီးစွာဖြင့် ကိုယ်တိုင်အားထုတ်ကြိုးပမ်းကြရမည့်အရာများ ဖြစ်သည့်အလျောက် လုံ့လ ဝီရိယ စိုက်ထုတ်ဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

## တရားမအထူးအယူခံမှု(၄) မှု စီရင်ချက်ချမှတ် တရားမအထူးအယူခံမှု(၃) မှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဇူလိုင် ၃**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးအောင်ဇော်သိန်း၊ ဦးမျိုးတင့်၊ ဦးခင်မောင်ကြီး၊ ဦးတင်ဟုန် တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရုံးခန်းအမှတ်(၁) ၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၁၆/၂၀၂၂ (မန္တလေး)၊ ၃၀/၂၀၂၂ (မန္တလေး)၊ ၁/၂၀၂၃ (ရန်ကုန်) နှင့် ၂/၂၀၂၃ (ရှမ်း)၊ စုစုပေါင်း တရားမအထူးအယူခံမှု (၄) မှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၃၂/၂၀၂၂ (ရခိုင်)၊ ၆/၂၀၂၃ (ပဲခူး) နှင့် ၁၂/၂၀၂၃ (မန္တလေး)၊ စုစုပေါင်း တရားမအထူးအယူခံမှု (၃) မှု တို့ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ(MRO NATIONAL DEVELOPMENT PARTY) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၃၇ / ၂၀၂၃ )
၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက်
( ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃ ရက် )

**မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ (MRO NATIONAL DEVELOPMENT PARTY) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့၊ အထကကျောင်းရှေ့၊ ပြည်တော်သာရပ်ကွက်၊ စာတိုက်လမ်း၊ အမှတ် (၂၀၂) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ (MRO NATIONAL DEVELOPMENT PARTY)** ကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ (MRO NATIONAL DEVELOPMENT PARTY)** ၏ မှတ်ပုံတင်အမှတ်မှာ (၃၂) ဖြစ်ပါသည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မိုးအသင့်အတင့် ထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၃**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။

မိုး/ဇလ

## ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ နှစ်ရှည်ပင်များစိုက်ပျိုး

**နေပြည်တော် ဇူလိုင် ၃**



ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ (၁၆) ကြိမ်မြောက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရာထူးဝန်အဖွဲ့၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးစစ်အေး၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဆန်းမြင့်၊ ဒေါ်ခင်မျိုးမြင့်၊ ဦးရဲနိုင်၊ ဦးစိုးတင့်၊ သူရဦးဘိုနီ၊ ဦးသန်းဝင်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက လူသားတို့အတွက် အထောက်အပံ့ကောင်းများ ရရှိစေသောကြောင့် နှစ်စဉ်သစ်ပင်များ စိုက်ပျိုးရန်မှာ မဖြစ်မနေလုပ်ဆောင်ရမည့် တာဝန်ဖြစ်ကြောင်း၊ သစ်ပင်သစ်တောများနှင့် ရာသီဥတုပြောင်းလဲမှုတို့၏ အပြန်အလှန် အကျိုးဖြစ်ထွန်းမှု ဂေဟစနစ်များ တိုးတက်လာစေရန် နှစ်အလိုက် သစ်ပင်များ ပုံမှန်စိုက်ပျိုးသွားရန်နှင့် စိုက်ပျိုးပြီး သစ်ပင်များကိုလည်း ရှင်သန်ဖြစ်ထွန်းစေရေး ဝန်ထမ်းများအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားကြရန် အထူးလိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌသည် ပျိုးပင်များကို အမြဲတမ်းအတွင်းဝန်နှင့် သက်ဆိုင်ရာ ဌာနအလိုက် ညွှန်ကြားရေးမှူးချုပ်များ ထံသို့ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌသည် သတ်မှတ်နေရာ၌ ရတနာတန်းဝင် ကျွန်းပင်ကို စတင်စိုက်ပျိုးပေးသည်။ ထို့နောက် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ အရာထမ်း၊ အမှုထမ်းများ သစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ဝန်ထမ်းများက ကျွန်း၊ မဟော်ဂနီ၊ ခရေ၊ ကံ့ကော်၊ ပျဉ်းကတိုး၊ ပိတောက်၊ အင်ကြင်း စသော နှစ်ရှည်ပင်၊ ပန်းအလှပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၂၆၆ ပင်ကို သတ်မှတ်နေရာများအလိုက် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၃ ခုနှစ် မြန်မာအမျိုးသမီးများနေ့အခမ်းအနားသို့ ပေးပို့သည့် မိန့်ခွန်း

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃ ရက်)



**အားလုံးမင်္ဂလာပါ**

ဒီနေ့ကျင်းပပြုလုပ်တဲ့ ၂၀၂၃ ခုနှစ်၊ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေ၊ ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ပထမဦးစွာ နှုတ်ခွန်း ဆက်သအပ်ပါတယ်။

ဒီနေ့ ၂၀၂၃ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့ဟာ မြန်မာနိုင်ငံဒေသ အသီးသီးမှာ နေထိုင်ကြတဲ့ မြန်မာအမျိုးသမီးများအားလုံးအတွက် ထူးခြားလေးနက်တဲ့နေ့တစ်နေ့ပဲ ဖြစ်ပါတယ်။ ဒီနေ့ကျရောက်တဲ့ မြန်မာအမျိုးသမီးများနေ့မှာ ထူးချွန်တဲ့အမျိုးသမီးများကို ဂုဏ်ပြု ချီးမြှင့်တဲ့နေ့လည်းဖြစ်တဲ့အတွက် မြန်မာအမျိုးသမီးများအားလုံးကို လှိုက်လှိုက်လှဲလှဲဂုဏ်ယူကြောင်း ပြောကြားလိုပါတယ်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဖွဲ့စည်းခဲ့တဲ့ ဇူလိုင်လ ၃ ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့အဖြစ် နိုင်ငံတော်က သတ်မှတ်ပြဋ္ဌာန်းခဲ့ပြီး ၁၉၉၈ ခုနှစ်ကစလို့ မြန်မာအမျိုးသမီးများရဲ့ ထူးချွန်ထက်မြက်တဲ့ စွမ်းဆောင်ရည်များနဲ့ လေးစားဂုဏ်ယူဖွယ် ဂုဏ်ဒြပ်များကို ဂုဏ်ပြုသောအားဖြင့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားများကို နှစ်စဉ်ကျင်းပကြပါတယ်။

မြန်မာအမျိုးသမီးများဟာ ရှေးအစဉ်အလာကတည်းက အမျိုးသားများနည်းတူ သာတူညီမျှ လူ့အခွင့်အရေးတွေကို ယနေ့ အထိ နိုင်ငံတကာ စံချိန်စံညွှန်းများနဲ့ ကိုက်ညီစွာ ခံစားနေကြရတာ အားလုံးသိရှိပြီးသားဖြစ်ပါတယ်။ ခေတ်အဆက်ဆက်မှာ မိသားစု၊ လူ့အဖွဲ့အစည်း၊ နိုင်ငံနဲ့ လူမျိုးအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး နယ်ပယ်အသီးသီးမှာ မြန်မာအမျိုးသမီးများဟာ အမျိုးသားများနဲ့ တန်းတူရင်ပေါင်တန်းပြီး လွတ်လပ်တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။

ကိုလိုနီခေတ်လွတ်လပ်ရေးကြိုးပမ်းမှု ကာလတစ်လျှောက်မှာလည်း အမျိုးသားများနဲ့ ရင်ပေါင်တန်းတိုက်ပွဲဝင်ခဲ့ကြတဲ့ အမျိုးသမီးသူရဲကောင်းများစွာရှိခဲ့ကြပါတယ်။ ယနေ့မျက်မှောက်ကာလမှာလည်း စီးပွားရေး၊ လူမှုရေးနယ်ပယ်များနဲ့ အသိပညာ၊ အတတ်ပညာ၊ အနုပညာဆိုင်ရာ နယ်ပယ်များမှာ ထူးချွန်ထက်မြက်ပြီး ဂုဏ်ယူဖွယ်၊ စံပြအားထားဖွယ် မြန်မာအမျိုးသမီးများ များစွာပေါ်ထွက်ခဲ့ပါတယ်။

မြန်မာအမျိုးသမီးများအနေနဲ့ အခြေခံအကျဆုံးဖြစ်တဲ့ မိသားစု တာဝန်ကစလို့ ကဏ္ဍစုံ၊ နယ်ပယ်စုံတွေမှာ အမျိုးသမီးများရဲ့ အခန်း ကဏ္ဍဟာ တစ်နေ့ထက်တစ်နေ့ ပိုမိုတိုးတက်မြင့်မားလာနေတာကို တွေ့မြင်နေရပြီ ဖြစ်ပါတယ်။ ခေတ်အဆက်ဆက်မှာ နိုင်ငံတော် ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်များဖြစ်တဲ့ စစ်မှုထမ်း၊ ရဲမှုထမ်းများ အဖြစ် အမျိုးသားများနဲ့ ရင်ပေါင်တန်းပြီး ထူးချွန်ထက်မြက်စွာ နိုင်ငံ့ အကျိုးကို သယ်ပိုးလျက်ရှိတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။

နိုင်ငံတကာနဲ့ အာဆီယံဒေသအဆင့်တွေမှာ မြန်မာနိုင်ငံရဲ့ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကတိကဝတ်ပြုမှုများကို အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံတော်အနေနဲ့ မြန်မာနိုင်ငံ လုံးဆိုင်ရာအမျိုးသမီးကော်မတီနဲ့ ဒေသဆိုင်ရာကော်မတီ အဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ အမျိုးသမီးများ အထူးသဖြင့် အမျိုးသမီးငယ်ရွယ်များရဲ့ လူမှုစီးပွားဘဝ အခြေအနေမြင့်မားရေးမှာ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ကဏ္ဍစုံမှာ အမျိုးသမီးများနဲ့ အမျိုးသားတန်းတူ ပါဝင်ခွင့်ရရှိရေးနဲ့ အမျိုးသမီးကဏ္ဍကို ကျယ်ကျယ် ပြန့်ပြန့်ဖြစ်လာအောင် ဆောင်ရွက်ကြဖို့ မှာကြားလိုပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို ၁၉၉၇ ခုနှစ်မှာ အဖွဲ့ဝင်အဖြစ် အတည်ပြုလက်မှတ်ရေးထိုးခဲ့ပါတယ်။ ကွန်ဗင်းရှင်း အကောင်အထည်ဖော်ဆောင်ရွက်မှုများနဲ့ စပ်လျဉ်းပြီး အစီရင်ခံစာ များကို UNCEDAW ကော်မတီသို့ တင်သွင်းခဲ့ရာမှာ စတုတ္ထနဲ့ ပဉ္စမအကြိမ် တင်သွင်းခဲ့ပြီးဖြစ်ပါတယ်။ ဆဋ္ဌမအကြိမ်မြောက် အစီရင် ခံစာကို ၂၀၂၃ ခုနှစ်ကုန်ပိုင်းမှာ တင်သွင်းဖို့ ပြင်ဆင်ဆောင်ရွက်နေပြီ ဖြစ်လို့ အစီရင်ခံစာရေးသားမှုမှာ မိမိတို့နိုင်ငံက အမျိုးသမီးများဖွံ့ဖြိုး တိုးတက်ရေး၊ ကဏ္ဍစုံမှာ ကျား၊ မ တန်းတူညီမျှရေးနဲ့ အမျိုးသမီးများ အား ကာကွယ်စောင့်ရှောက်ရေးဆောင်ရွက်ချက်များကို ကဏ္ဍစုံ၊ နယ်ပယ်စုံက ပြည့်ပြည့်စုံစုံပါဝင်အောင် ထည့်သွင်းဖော်ပြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့ ၂၀၂၂ ခုနှစ် ကိန်းဂဏန်းအရ အစိုးရဌာနများမှာ အမျိုးသမီးပါဝင်မှုနှုန်းအနေဖြင့် ညွှန်ကြားရေးမှူး ချုပ်အဆင့်မှာ ၂၆ ဒသမ ၂ ရာခိုင်နှုန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် အဆင့်မှာ ၄၃ ဒသမ ၃ ရာခိုင်နှုန်း၊ ညွှန်ကြားရေးမှူးအဆင့်မှာ ၅၂ ဒသမ ၆ ရာခိုင်နှုန်း၊ ဒုတိယညွှန်ကြားရေးမှူးအဆင့်မှာ ၅၆ ဒသမ ၆ ရာခိုင်နှုန်း၊ လက်ထောက်ညွှန်ကြားရေးမှူးအဆင့်မှာ ၅၇ ရာခိုင်နှုန်း ရှိကြောင်း သိရပါတယ်။ ဒါကိုကြည့်ရင် ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှု ကဏ္ဍမှာ မြန်မာအမျိုးသမီးများရဲ့ စွမ်းဆောင်ရည်များစွာ တိုးတက် မြင့်မားလာပြီး ကျား၊ မ ရေးရာတန်းတူညီမျှမှုရှိနေတာကို တွေ့ရမှာ ဖြစ်ပါတယ်။

> ❖ **နိုင်ငံတကာနဲ့ အာဆီယံဒေသအဆင့်တွေမှာ မြန်မာနိုင်ငံရဲ့ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကတိကဝတ်ပြုမှုများကို အကောင်အထည်ဖော်နိုင်ရေး အတွက် နိုင်ငံတော်အနေနဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနဲ့ ဒေသဆိုင်ရာကော်မတီ အဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိ**

၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း အနှစ်ချုပ် အစီရင်ခံစာအရ အသက် ၁၅ နှစ်နှင့်အထက် အမျိုးသမီးစာတတ် မြောက်မှုနှုန်းဟာ အမျိုးသားစာတတ်မြောက်မှုနှုန်းထက် ၆ ရာခိုင်နှုန်း ခန့်လျော့နည်းပြီး အသက် ၁၅ နှစ်နဲ့အထက် လူဦးရေရဲ့ လုပ်သား အင်အားပါဝင်မှုနှုန်းမှာလည်း အမျိုးသမီးလုပ်သားအင်အား ပါဝင်မှု နှုန်းဟာ အမျိုးသားလုပ်သားအင်အား ပါဝင်မှုနှုန်းထက် အနည်းငယ် လျော့နည်းနေတာ တွေ့ရပါတယ်။ ဒီကိန်းဂဏန်းအချက်အလက် တွေအရ အမျိုးသမီးများအထူးသဖြင့် အမျိုးသမီးငယ်ရွယ်များရဲ့ လူမှုစီးပွားဘဝအခြေအနေမြင့်မားရေးအတွက် ပညာသင်ကြား တတ်မြောက်ရေးကို မြှင့်တင်ပေးဖို့လိုပြီး အလုပ်အကိုင်အခွင့်အလမ်း များ တိုးတက်ကောင်းမွန်စေရေးအတွက် အလုပ်လုပ်ကိုင်နိုင်တဲ့အရွယ် ရှိ အမျိုးသမီးများရဲ့ အလုပ်လုပ်နိုင်တဲ့ စွမ်းရည်များ ကျွမ်းကျင်ပိုင်နိုင် နေဖို့လိုအပ်ကြောင်း တွေ့ရှိရပါတယ်။

ကျွန်တော်တို့ အစိုးရအနေနဲ့ ပညာသင်ကြားသူလူငယ်များ အားလုံး KG+9 အဆင့်ထိ ပညာသင်ကြားနိုင်ရေး အထူးအလေးထား ဆောင်ရွက်နေတာဖြစ်လို့ အကျုံးဝင်သူ အမျိုးသမီးများအားလုံး KG+9 အဆင့်ထိ ပညာသင်ကြားပြီးစီးရေး ဝိုင်းဝန်းကူညီဆောင်ရွက် ပေးစေလိုပါတယ်။

စာတတ်မြောက်မှုနဲ့ ပညာအရည်အချင်းတို့ဟာ အလုပ်အကိုင် အခွင့်အလမ်းနဲ့ ဆက်စပ်နေတဲ့အတွက် အမျိုးသမီးများကို ခေတ်မီ ပညာရေးနဲ့ ခေတ်မီနည်းပညာများ သင်ကြားရာမှာ ယခုထက် ပိုမို အားပေးဖို့လိုသလို စာတတ်မြောက်ရေးနဲ့ ပညာရေးပြီးဆုံးမှုတို့ မြင့်မားအောင် ကြိုးပမ်းဆောင်ရွက်သွားဖို့လည်း လိုအပ်ပါတယ်။ တစ်ဖက်ကလည်း ပညာရေးအားနည်းသူများအတွက် အိမ်တွင်းမှု လုပ်ငန်းများအပါအဝင် အသက်မွေးဝမ်းကျောင်းပညာရပ်များကို လည်း တိုးမြှင့်သင်ကြားပေးပြီး အလုပ်အကိုင်အခွင့်အလမ်း တိုးတက် အောင် ဆောင်ရွက်ပေးဖို့လိုပါတယ်။

၂၀၂၃ ခုနှစ်၊ မတ်လ ၈ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အပြည်ပြည် ဆိုင်ရာ အမျိုးသမီးများနေ့ရဲ့ **"ကျား၊ မ တန်းတူညီမျှဖို့ နည်းပညာနဲ့ ဆန်းသစ်စို့" "(DigitALL: Innovation and technology for gender equality)"** ဆောင်ပုဒ်ကလည်း အမျိုးသမီးများနဲ့ ထိခိုက်လွယ်တဲ့ အုပ်စုများကို နည်းပညာလက်လှမ်းမီရရှိစေခြင်းဖြင့် အမျိုးသမီးများရဲ့ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းဖြစ်သလို ကျား၊ မ တန်းတူ ညီမျှမှုကို ပိုမိုမြှင့်တင်ပေးနိုင်စေမယ့် အလားအလာကောင်းများကို ဖြစ်ပေါ်စေပါတယ်။

ဒီလိုနည်းပညာဆိုင်ရာ အကျိုးကျေးဇူးများကိုရရှိပြီး စဉ်ဆက် မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်ဆီကို ကျား၊ မ တန်းတူညီမျှစွာ အရောက်လှမ်း နိုင်ဖို့အတွက် တီထွင်ဆန်းသစ်မှု၊ နည်းပညာနဲ့ ဒစ်ဂျစ်တယ်အသိပညာ ဆိုင်ရာ မြှင့်တင်ဆောင်ရွက်ဖို့၊ နည်းပညာလက်လှမ်းမီရရှိဖို့၊ နည်းပညာဆိုင်ရာ လေ့ကျင့်သင်ကြားမှုများ ဆောင်ရွက်ပေးဖို့ လိုအပ် ပါတယ်။ ဒစ်ဂျစ်တယ်ကဏ္ဍမှာ အမျိုးသမီးများနဲ့ မိန်းကလေးငယ်များ ရဲ့ အခွင့်အရေးကိုကာကွယ်ဖို့နဲ့ အွန်လိုင်းနဲ့နည်းပညာဆိုင်ရာ ကျား၊ မ အခြေပြုအကြမ်းဖက်မှုများကို ကိုင်တွယ်ဖြေရှင်းဖို့လည်း လိုအပ် ကြောင်းကို ဒီဆောင်ပုဒ်က မီးမောင်းထိုးပြထားတာကို သတိထားကြ ရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံ လူဦးရေရဲ့ ထက်ဝက်ကျော်ကို ကိုယ်စားပြုတဲ့ အမျိုးသမီးများဟာ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးမှာ အရေးပါတဲ့ အင်အားစုတစ်ရပ် ဖြစ်ပြီး နိုင်ငံအတွက် အလွန်အဖိုးတန်တဲ့ လူသားအရင်းအမြစ်တွေ ဖြစ်ကြပါတယ်။ မြန်မာအမျိုးသမီးများဟာ လောကကို တစ်ဖက် တစ်လမ်းက တာဝန်ယူသူများ၊ လူငယ်လူရွယ်များရဲ့ အနာဂတ်ကို လှပအောင် ဖန်တီးသူဥယျာဉ်မှူးများ ဖြစ်ကြပါတယ်။ တစ်နည်းအား ဖြင့် အနာဂတ်နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ်များကို ပုံသွင်းထုဆစ်ပေးကြတဲ့ ဗိသုကာပညာရှင်များ ဖြစ်ကြပါတယ်။

ဒါကြောင့် မိသားစု၊ လူ့အဖွဲ့အစည်းများကတစ်ဆင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာမှာ အမျိုးသမီးများနဲ့ မိန်းကလေး ငယ်ရွယ်များအတွက် ကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်ပေး ရေးကို မြှင့်တင်လုပ်ဆောင်ကြဖို့ မှာကြားလိုပါတယ်။ အမျိုးသမီး၊ အမျိုးသားအားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကာ နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းစဉ်တွေမှာ အမျိုးသမီးထုကြီးရဲ့ အင်အားနဲ့ အကောင်အထည်ဖော်ကြဖို့နဲ့ မြန်မာအမျိုးသမီးများရဲ့ အခွင့်အရေးများ အလေးထားဆောင်ရွက်ကာ စွမ်းဆောင်ရည်များ ဖော်ထုတ်ပေးနိုင်ဖို့ ဒီကနေ့ကျရောက်တဲ့ မြန်မာအမျိုးသမီးများနေ့မှာ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

◆ *ရှေ့ဖုံးမှ*

ဆက်လက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က **အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးအခွင့်အရေး မြှင့်တင်ဖော်ဆောင်ရေးနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တုံ့ပြန်တားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (UNCEDAW) အပေါ် မြန်မာနိုင်ငံမှ ၁၉၉၇ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခဲ့ပြီး အစီရင်ခံစာတင်သွင်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ 2nd Draft အဆင့်သို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ အာဆီယံဒေသတွင်း ဆောင်ရွက်ချက်များအဖြစ် ASEAN Ministerial Meeting on Women ကို ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် ကျင်းပနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆက်လက်ပြီး အာဆီယံအမျိုးသမီးကော်မတီ၊ အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးကော်မရှင် အပါအဝင် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးတို့တွင် ပါဝင်ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းစီမံချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားပြီး အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂)ရေးဆွဲဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ဆောင်ရွက်ထားရှိမှုနှင့် ကျား၊ မ အခြေပြုအကြမ်းဖက်မှုများကို တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် အကြိုလှုပ်ရှားမှုဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Video Message ဖြင့် အဖွင့်မိန့်ခွန်းပြောကြားစဉ်။

## ကြည့်ရှုအားပေး

ထို့နောက် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ Video Clip ကို ပြသရာ တက်ရောက်လာသူများက ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ကဏ္ဍအလိုက် ထူးချွန်အမျိုးသမီးများအား ဆုများချီးမြှင့်ရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှက တပ်မတော် (ကြည်း) ထူးချွန်အမျိုးသမီးအရာရှိ ဒုတိယဗိုလ် သိမ့်နန္ဒာအောင်၊ တပ်မတော် (ရေ) ထူးချွန်အမျိုးသမီးအရာရှိ ဗိုလ်ခိုင်ခန့်ခန့်ကျော်၊ တပ်မတော် (လေ) ထူးချွန်အမျိုးသမီးအရာရှိ ဗိုလ်လဲ့ဝေအောင်တို့ကိုလည်းကောင်း၊ ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ငွေးက ထူးချွန်အမျိုးသမီးရဲမေ ရဲမှူး သူဇာလွင်နှင့် ထူးချွန်ကြက်ခြေနီအမျိုးသမီး ဒေါ်ခိုင်မာဦးတို့ကိုလည်းကောင်း၊ ဂုဏ်ထူးဆောင်နာယက ဒေါ်သန်းသန်းနွယ်က မသန်စွမ်းထူးချွန်အမျိုးသမီး မချောစုလှိုင်နှင့် အားကစားထူးချွန်အမျိုးသမီး မစန္ဒီဦးတို့ကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ရှင်းလင်းတင်ပြစဉ်။

## ဆုပေးအပ်ချီးမြှင့်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်ဒွဲဘူက ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ အမှတ်အများဆုံးရရှိသည့် ကျောင်းသူ မနန္ဒာကြည်ဖြူလင်းကို ဆုပေးအပ်ချီးမြှင့်သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာအားပေးကြသည်။

**သတင်းစဉ်**




မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာစဉ်။




မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# မိုခါမုန်တိုင်းဒဏ်သင့်ခဲ့သည့် သာသနိကအဆောက်အဦများ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် Ling Jiou Mountain(H.K) Buddhist Society Limited နှင့် White Jade Wang Interprise Co.,Ltd တို့မှ အလှူငွေပေးအပ်



**နေပြည်တော် ဇူလိုင် ၃**

မိုခါမုန်တိုင်းဒဏ် သင့်ခဲ့သည့် ဒေသများမှ သာသနိကအဆောက်အဦများ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် Ling Jiou Mountain (H.K) Buddhist Society Limited နှင့် White Jade Wang Interprise Co.,Ltd တို့မှသာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ အလှူ ငွေပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် White Jade Wang Interprise Co.,Ltd မှ Managing Director ဦးတင်ဆန်းမြင့်က မြန်မာနိုင်ငံအတွင်း မိုခါမုန်တိုင်းဒဏ် သင့်ခဲ့သည့်ဒေသများမှ သာသနိကအဆောက်အဦများကို ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လင်ဂျူးတောင်ဆရာတော်ကြီး၏ ဆန္ဒအရ အလှူငွေကျပ်သိန်း ၂၀၀ လာရောက်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ လာရောက်လှူဒါန်းသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ကာလဒါနဖြစ်၍ ကုသိုလ်အထူးရပါကြောင်းနှင့် အလှူငွေများကို လိုအပ်သောနေရာ၊ လှူဒါန်းလိုသောနေရာသို့ အရောက်ပေးပို့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် Ling Jiou Mountain (H.K) Buddhist Society Limited မှ အလှူငွေကျပ်သိန်း ၁၀၀ နှင့် White Jade Wang Interprise Co.,Ltd တို့မှ အလှူငွေကျပ်သိန်း ၁၀၀ စုစုပေါင်း အလှူငွေကျပ်သိန်း ၂၀၀ ကို White Jade Wang Interprise Co.,Ltd မှ Managing Director က သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး **(အပေါ်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**သတင်းစဉ်**

# သစ်ပင်စိုက်ပျိုးခြင်းနှင့် သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလို



**စစ်တွေ ဇူလိုင် ၃**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေကန်တော်ကြီးရေလှောင်ကန်၌ ကျင်းပသည့် ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သစ်ပင်စိုက်ပျိုးခြင်းသည် အရေးကြီးသည့် ပြန်လည်တည်ထောင်ရေးလုပ်ငန်းတစ်ခုဖြစ်သည့်အတွက် မုန်တိုင်းတိုက်ခတ်မှုကြောင့်ပြိုလဲပျက်စီးခဲ့သည့် သစ်တောသစ်ပင်များနေရာတွင် အစားထိုးစိုက်ပျိုးပြုစုထိန်းသိမ်းနိုင်စေရန်၊ သဘာဝဘေးအန္တရာယ်များ တားဆီးကာကွယ်ရန်၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်နှင့် သစ်ပင်စိုက်ပျိုးပွဲတော်များတွင် ပြည်သူများတက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်၍ ယခုကဲ့သို့သော သစ်ပင်စိုက်ပျိုးခြင်းအခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ယခုကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲတော်တွင် ဒေသနှင့်ကိုက်ညီသည့် သစ်မျိုး အပင် ၄၂၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း။

တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် သစ်ပင်ပေါင်း ၂၄ ဒသမ ၆၁၉ သန်း စိုက်ပျိုးရန် လျာထားခဲ့ရာ ယနေ့အထိ သစ်ပင်ပေါင်း ၂၀ ဒသမ ၅၂ သန်းကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း၊ ထို့ပြင် ကျေးလက်နေပြည်သူများ၏ လောင်စာလိုအပ်ချက်ဖြည့်ဆည်းနိုင်ရေးအတွက် ယခုနှစ်မိုးရာသီတွင် ကျေးရွာထင်းစိုက်ခင်း တစ်ရွာ နှစ်ဧကအပါအဝင် ၄၂၈၇ ဧကတည်ထောင်ရန် လျာထားပြီး စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း။

ရာသီဥတုပြောင်းလဲခြင်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများဖြေရှင်းရန် နည်းလမ်းအမျိုးမျိုးရှိသည့်အနက် သစ်ပင်များ စိုက်ပျိုးခြင်းနှင့် သစ်တောများထိန်းသိမ်းခြင်းသည် အရိုးရှင်းဆုံး၊ အလွယ်ကူဆုံး၊ အထိရောက်ဆုံး၊ ကုန်ကျစရိတ် အသက်သာဆုံး၊ သဘာဝနှင့် လိုက်လျောညီထွေအဖြစ်ဆုံးဖြစ်သည့်အတွက် တစ်ဦးတစ်ယောက်ချင်းမှစ၍ ရပ်ကွက်နှင့်ကျေးရွာ၊ မြို့နယ်အဖွဲ့အစည်းများအလိုက် တစ်ပင်စိုက် တစ်ပင်ရှင်သန်အောင်မြင်အောင် စိုက်ပျိုးပြုစုသွားကြစေလိုကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်းနှင့် သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်နယ်ဆားလုပ်ငန်းဌာနခွဲ ဆားလုပ်ငန်း ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဆားလုပ်ငန်းရုံး၌ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်နယ်ဆားလုပ်ငန်း ဦးစီးဌာနမှူးက ပုဂ္ဂလိကကဏ္ဍများမှ ဆားကြမ်း ထုတ်လုပ်နေမှုနှင့် အိုင်အိုဒင်းဆားချောထုတ်လုပ်နေမှုများ၊ ရုံးအဆောက်အဦများ ပြန်လည်ထူထောင် ပြီးစီးမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဦးထွန်းအုံက ဖြည့်စွက်ရှင်းလင်းသည်။

ရှင်းလင်းတင်ပြမှုများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ဆားထုတ်လုပ်ငန်း နည်းပညာမြင့်တင်၍ ဆားအထွက်တိုးလုပ်ငန်းများ ပိုမိုဆောင်ရွက်ရန်၊ ဆားအရည်အသွေး မြှင့်တင်ရေးအတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်သွားရန်၊ အရည်အသွေးမြင့် ဆားများ ပြည်တွင်းစားသုံးမှု ဖူလုံပိုလျှံအောင် ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လောကာနန္ဒာ ဘုရားဝင်းအတွင်း သစ်ပင်များ စိုက်ပျိုးမည့် မြေနေရာများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲဝင်းအတွင်း၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အားကြိုးမာန်တက်ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသည့် မြန်မာ့သစ်လုပ်ငန်းဝန်ထမ်းများနှင့်အတူ နေ့လယ်စာအတူတကွ သုံးဆောင်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းသို့ ရောက်ရှိပြီး ဖော်ကျွန်းသင်္ဘောပေါ်မှ သစ်မျိုးစုံပျိုးပင်များနှင့် သစ်ခွဲသားများကို မော်တော်ယာဉ်များပေါ်သို့ ရွှေ့ပြောင်းသယ်ဆောင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံး၌ စစ်တွေမြို့ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်နေကြသည့် သစ်တောဦးစီးဌာန အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံအားပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီး ဦးထွန်းအုံ၊ တာဝန်ရှိသူများနှင့်အတူ စစ်တွေမြို့ ရှုခင်းသာကမ်းခြေ၌ ကျင်းပသည့် ၂၀၂၃ ခုနှစ် ဒီရေတောပင်များစိုက်ပျိုးပွဲသို့ တက်ရောက်ပြီး ဒီရေတောပင်ဖြစ်သည့် ဖြူးခြေထောက်ပင်နှင့် သမဲ့ပင်ကို စိုက်ပျိုးပေးကာ ဒီရေတောပင် ၁၅၀၀ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

သစ်တောဦးစီးဌာနအနေဖြင့် ရှုခင်းသာကမ်းခြေလမ်းတစ်လျှောက် ဒီရေတောအပင် ၃၅၀၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၃**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကယားပြည်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ကရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၃

**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ကရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့၏ မြန်မာနိုင်ငံကိုယ်စားလှယ်နှင့် LLC Souznedra ၏ဥက္ကဋ္ဌ Mr. Artemiy Alimov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ နံနက်ပိုင်းက အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။** (ယာပုံ)



**သဘာဝမြေဩဇာစက်ရုံများ တည်ဆောက်မည်**

တွေ့ဆုံစဉ် Mobile သဘာဝဓာတ်မြေဩဇာ ထုတ်စက်ရုံ အသေးစား (၃)ခု တည်ဆောက်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ နေပြည်တော် ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်း သဘာဝမြေဩဇာစက်ရုံများ တည်ဆောက်ရေး ဆောင်ရွက်မည့်နည်းလမ်းများ၊ နည်းပညာများ နှင့် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် တာဝန်ရှိသူများနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် သမဝါယမအသင်းစုရုံးနှင့် ပျဉ်းမနားမြို့နယ် သမဝါယမအသင်းစုရုံးများသို့ ရောက်ရှိပြီး အသင်းအမှုဆောင်များ၊ အသင်းသူ အသင်းသားများနှင့် တွေ့ဆုံသည်။

**ကြည့်ရှုအားပေး**

တွေ့ဆုံစဉ် အသင်းအမှုဆောင်များက စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆန်စပါး ရောင်းဝယ်နေမှုနှင့် စိုက်ပျိုးရေးပစ္စည်းများ ရောင်းဝယ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက သမဝါယမအသင်း အမှုဆောင်များအနေဖြင့် အသင်း၏ လုပ်ငန်းများအောင်မြင်ရေး၊ အသင်းသူ အသင်းသားများ၏ အကျိုးအမြတ်ရရှိရေးနှင့် သက်သာချောင်ချိရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ကြိုးကြပ်ကွပ်ကဲ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မိုးစပါးစိုက်ပျိုးရာတွင် တစ်ဧကအထွက်နှုန်းတိုးရေး၊ မျိုးကောင်းမျိုးသန့် အသုံးပြုရေး၊ စိုက်နည်းစနစ်မှန်ကန်မှုရှိစေရေး၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ အချိုးကျအသုံးပြုရေးတို့ကို ဂရုတစိုက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အသင်းသားတောင်သူများ ဝင်ငွေတိုးပွားရေးအတွက် လုပ်ငန်းအခက်အခဲများကို မိမိတို့ဝန်ကြီးဌာနက ကူညီပံ့ပိုးဖြေရှင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားပြီး အသင်းသားတောင်သူများ၏ စပါးစိုက်ကေများ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တရုတ်နိုင်ငံ၌ ရောက်ရှိနေသည့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မော်တော်ယာဉ်များ ထုတ်လုပ်သည့် စက်ရုံနှင့် နေရောင်ခြည်စွမ်းအင်သုံးပစ္စည်းများ ထုတ်လုပ်သည့် စက်ရုံတို့ကို သွားရောက်လေ့လာ



နေပြည်တော် ဇူလိုင် ၃

China-ASEAN Forum on Emerging Industry သို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်တုံးပြည်နယ် ရှန်းကျန်းမြို့တွင် ရောက်ရှိနေသည့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းက BYD အမျိုးအစား လျှပ်စစ်အသုံးပြု မော်တော်ယာဉ်များ (EV) ထုတ်လုပ်လျက်ရှိသည့် စက်ရုံသို့ သွားရောက်လေ့လာကြသည်။ (ဝဲပုံ)

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့အား အာရှပစိဖိတ်အရောင်းဌာနမန်နေဂျာ Ms. Gillian Li BIN မှ BYD မော်တော်ယာဉ်များ စတင်ထုတ်လုပ်ခဲ့သည့် အခြေအနေ၊ လက်ရှိ လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှု၊ ဈေးကွက်ရရှိမှုနှင့် လျှပ်စစ်အသုံးပြု မော်တော်ယာဉ်(EV)များ ထုတ်လုပ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး BYD အမျိုးအစား မော်တော်ယာဉ်များ ထုတ်လုပ်နေမှု အခြေအနေကို လှည့်လည်ကြည့်ရှု လေ့လာသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်မောင်ဆွေနှင့်အတူ နေရောင်ခြည် စွမ်းအင်သုံးပစ္စည်းများ ထုတ်လုပ်လျက်ရှိသည့် K Star စက်ရုံသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက စက်ရုံဆိုင်ရာ အချက်အလက်များ၊ နေရောင်ခြည်စွမ်းအင်သုံး ပစ္စည်းများ ထုတ်လုပ်နေမှုနှင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး နေရောင်ခြည် စွမ်းအင်သုံးပစ္စည်းများ ထုတ်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှု လေ့လာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်ရေနံမြေဝင်း၌ ဇူလိုင် ၃ ရက်က မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးလှိုင်၊ အဖွဲ့ဝင်(၁)ဒုတိယဗိုလ်မှူးကြီး အောင်စိုး၊ မြန်အောင်/ ရွှေပြည်သာရေနံမြေ အထွေထွေမန်နေဂျာ ဦးညွန့်နိုင်၊ မြန်အောင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူး မင်းမင်းစိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင် အမျိုးသမီးရေးရာအဖွဲ့/ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နေခြည်ဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဒေါ်သင်းလှိုင်ဦးနှင့် အဖွဲ့ဝင်များက ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ အရိပ်ရအပင်များ စုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။ ဝင်းဗိုလ်(မြန်အောင်)

# သာပေါင်းမြို့နယ်၌ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကျင်းပ

သာပေါင်း ဇူလိုင် ၃

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်၌ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းက တောင်ကလေးကျေးရွာအုပ်စု ဆင်ကူးကျေးရွာ၌ ကျင်းပကြသည်။



မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဇော်ထိုက်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နုနုလှိုင်နှင့်အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ကျွန်း ပျိုးပင် ၁၀၀၊ ပျဉ်းကတိုး ပျိုးပင် ၆၅၀၊ မန်ကျည်းရှား ပျိုးပင် ၃၀၀၊ မဟော်ဂနီ ပျိုးပင် ၁၀၀ စုစုပေါင်း ၁၁၅၀ ကို တောင်ကလေးကျေးရွာအုပ်စု ဆင်ကူးကျေးရွာ၌ စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **မျိုးဇော်သိန်း(ပြန်/ဆက်)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဇူလိုင် ၃

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ လောင်းလုံးမြို့တွင် ၅ ဒသမ ၉၁ လက်မ၊ ထားဝယ်မြို့တွင် ၄ ဒသမ ၅၃ လက်မ၊ မိုးကောင်းမြို့တွင် ၄ ဒသမ ဝ၆ လက်မ၊ မာန်အောင်မြို့တွင် ၂ ဒသမ ၉၉ လက်မ၊ ဖောင်းပြင်မြို့တွင် ၂ ဒသမ ၈၇ လက်မ၊ မိုးကုတ်မြို့တွင် ၂ ဒသမ ၈၀ လက်မ၊ မြိတ်မြို့တွင် ၂ ဒသမ ၇၆ လက်မ၊ လပွတ္တာမြို့တွင် ၂ ဒသမ ၆၀ လက်မ၊ သထုံမြို့တွင် ၂ ဒသမ ၁၇ လက်မနှင့် ဘုရားသုံးဆူမြို့တွင် ၂ ဒသမ ၁၃ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်မြင်ခဲ့သည့် စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ သား သမီး၊ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

**နေပြည်တော် ဇူလိုင် ၃**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်မြင်ခဲ့သည့် စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ သား သမီး၊ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦး၊ ဒုတိယဝန်ကြီး ဦးသန့်စင်၊ အမြဲတမ်းအတွင်းဝန် ဦးသန်းဇော်၊ ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။




**လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်တည်ဆောက်ရေးတွင် မျိုးဆက်သစ်လူငယ်များ အပါအဝင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသော လိုအပ်ချက်ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ယခုထက်အရည်အသွေး ပိုမိုတိုးတက်ရေး၊ မိမိ၏ ကိုယ်ရည်ကိုယ်သွေးနှင့် တတ်စွမ်းသည့် ပညာရပ်များကို ကောင်းမွန်မြင့်မြတ်သည့်နေရာများတွင် အသုံးချနိုင်ရေးအတွက် စဉ်ဆက်မပြတ် ကြိုးစားနေကြရန် လိုအပ်ကြောင်း၊ ယနေ့ခေတ်သည် Information Technology ခေတ်၊ နည်းပညာ အစဉ်တိုးတက်နေသည့်ခေတ်ဖြစ်သည်နှင့်အညီ နည်းပညာအသစ်များကို လေ့လာလိုက်စားကြရန် လိုအပ်ကြောင်း၊ နိုင်ငံတကာတွင် ကျယ်ပြန့်စွာ ဝင်ဆံ့နိုင်ရေးအတွက် ကြိုးစားဆောင်ရွက် သွားကြစေလိုကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ပညာရည်ပြည့်ဝရုံသာမက သန့်ရှင်းဖြူစင်သည့် ကိုယ်ကျင့်တရားများဖြင့်နေထိုင်သွားကြစေလိုကြောင်း ပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ခြောက်ဘာသာ ဂုဏ်ထူးရှင်များကို လည်းကောင်း **(ဓာတ်ပုံ)**၊ ဒုတိယဝန်ကြီးက ငါးဘာသာဂုဏ်ထူးရှင်များကို လည်းကောင်း၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက လေးဘာသာ၊ သုံးဘာသာ၊ နှစ်ဘာသာ၊ တစ်ဘာသာ ဂုဏ်ထူးရှင်များနှင့် ရိုးရိုးအောင်မြင်သူများကိုလည်းကောင်း ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်း ငွေကျပ် ၂၆ ဒသမ ၃၄၈ သန်းနှင့် ဂုဏ်ပြုဆုတံဆိပ်များ၊ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းများ၏ သား သမီးများမှ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးရှင် ၃ ဦး၊ ငါးဘာသာ ဂုဏ်ထူးရှင် ၆ ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ၉ ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် ၁၀ ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၇ ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၄၆ ဦးနှင့် ရိုးရိုးအောင်မြင်သူ ၁၀၁ ဦး စုစုပေါင်း ၁၈၂ ဦး အောင်မြင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဆင်သေချောင်းတံတား (ကျောက်ချက်) တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း လမ်းဘေးဝဲယာတစ်လျှောက် သစ်ပင်စိုက်ပျိုးထားမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၃

**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရန်ကုန် -မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင် အမှတ် (၂၃/၁)ရှိ ဆင်သေချောင်းတံတား(ကျောက်ချက်) လေးလမ်းသွား တံတားသစ် တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းနှင့် ပြည်ထောင်စုလမ်းမကြီး နေပြည်တော် ကောင်စီနယ်မြေအတွင်း လမ်းဘေးဝဲယာတစ်လျှောက် သစ်ပင်စိုက်ပျိုးထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။**





ဦးစွာပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည်တံတားဦးစီးဌာနတံတား အထူးအဖွဲ့ (၆)မှ တာဝန်ယူတည်ဆောက်နေသည့် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး ဘောဂသီရိ အဝေးပြေးကားဝင်း အနီးရှိ အရှည်ပေ ၂၁၀ ဆင်သေချောင်းတံတား (ကျောက်ချက်) မူလ တစ်လမ်းမောင်း သံပေါင်တံတားဟောင်းနေရာတွင် သံကူကွန်ကရစ် လေးလမ်းသွားတံတား အသစ် တိုးချဲ့တည်ဆောက်နေသည့် လုပ်ငန်းခွင်သို့ ရောက်ရှိရာ လမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ခံ အင်ဂျင်နီယာတို့က တံတားဒီဇိုင်း တွက်ချက်ရေးဆွဲထားရှိမှု၊ တည်ဆောက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ၊ ရန်ကုန် - မန္တလေး ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ဘောဂသီရိအဝေးပြေးကားဝင်းနှင့် တံတားအနီးလမ်းဆုံ Junction နေရာတွင် ဆောင်ရွက်မည့် ယာဉ်ကြောများ လျှောထားခြင်းတို့ကို ရှင်းလင်းတင်ပြကြသည်။ **(အပေါ်ယာပုံ)**

တင်ပြချက်များ အပေါ် ပြည်ထောင်စုဝန်ကြီးက တံတားတည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ချောင်းရေ တိုက်စားမှု မဖြစ်စေရေး တွက်ချက် ဆောင်ရွက်ရန်၊ သတ်မှတ် စံချိန်စံညွှန်းများအတိုင်း အရည်အသွေး ကောင်းမွန်စေရေး QC များက စစ်ဆေးပေးရန်၊ မိုးတွင်းကာလမတိုင်မီ ပိုင်တိုင်ရိုက်ခြင်းနှင့် Pier လုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်သွားရန်၊ လုပ်ငန်းခွင်သုံး စက်ယန္တရားများ စနစ်တကျ သုံးစွဲစေရန်နှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းစေရေး အလေးထား ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တံတားတည်ဆောက်ရေး လုပ်ငန်းခွင် အတွင်း Bored Pile လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ PR1 နှင့် PR2 တို့တွင် Pile Cap၊ Shaft နှင့် Cross Beam လုပ်ငန်းများ ဆောင်ရွက်နေမှု၊ A1 နှင့် A2 တို့တွင် Abutment လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး နေပြည်တော်ကောင်စီ နယ်မြေအတွင်း ယခင် (၄)လမ်းသွားအဆင့်မှ (၆)လမ်းသွားအဆင့် လမ်းတာပေါင် တိုးချဲ့ထားရှိသည့် လမ်းကြောင်းတစ်လျှောက် လမ်းဘေးဝဲယာတို့တွင် ယခင်နှစ်များ၌ စိုက်ပျိုးထားရှိပြီးသော အပင်များ ရှင်သန်ဖြစ်ထွန်းမှု၊ ပျက်စီးသွားသော အပင်များကို အစားထိုး စိုက်ပျိုးထားရှိမှုနှင့် ယခုနှစ် မိုးဦးကာလတွင် လမ်းဘေး ဝဲယာတစ်လျှောက် အပင်များ ထပ်မံစိုက်ပျိုးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❂ ***ကျော့ဖုံးမှ***

တိုနယ်လီသည် ပြီးခဲ့သည့်ရာသီတွင်လည်း အေစီမီလန်အသင်းကို ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်သို့ ရောက်ရှိအောင် ကူညီပေးထားနိုင်သည်။ ၎င်းသည် ပြီးခဲ့သည့်ရာသီတွင် ပြိုင်ပွဲစုံ ၄၈ ပွဲ အပါအဝင် အေစီမီလန်အသင်းအတွက် ပွဲ ၁၃၀ ပါဝင်ကစားထားရာ ခုနစ်ဂိုး သွင်းယူပေးထားနိုင်သည်။

နယူးကာဆယ်အသင်းသည် ပြီးခဲ့သည့်ရာသီတွင် ခြေစွမ်းပြသထားနိုင်ကာ ရာသီပိတ်သိမ်းချိန်တွင် အဆင့် (၄) ဖြင့် ရပ်တည်နိုင်ခဲ့သည့်အတွက် လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့် ရရှိခဲ့သည်။

**အောင်ဇော်**

❍ ***ကျော့ဖုံးမှ***

ကချင်ယူနိုက်တက်အသင်းမှာမူ နှစ်ပွဲဆက် အရှုံးကြောင့် တန်းဆင်းဇုန်နှင့် အမှတ်ပြန်ကပ်သွားပြီး ဒုတိယအကျော့တွင် ရုန်းကန်ရတော့မည်ဖြစ်သည်။

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သလို တိုက်စစ်အသားပေးကစားသည့် ပုံစံကြောင့် ပွဲမှာ အပြန်အလှန်ရှိခဲ့သည်။ ပထမပိုင်းတွင် ဂိုးသွင်းခွင့်ကိုယ်စီရသော်လည်း အသုံးမချနိုင်သဖြင့် ဂိုးမရှိသရေကျနေပြီး အနိုင်ရရှိရေးအတွက် ဒုတိယပိုင်းတွင် ပိုမိုအားထုတ်ခဲ့သည်။ ဒဂုံစတားအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၇၈ မိနစ်တွင် ဝေလင်းအောင်က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးကစားသမားဆုကို အနိုင်ဂိုးရှင် ဝေလင်းအောင် (ဒဂုံစတား)က ရရှိသည်။ ယခုပွဲအပြီးတွင် ဒဂုံစတားအသင်းက ၁၁ ပွဲကစား ၁၄ မှတ်၊ ကချင်ယူနိုက်တက်အသင်းက ၁၁ ပွဲကစား ကိုးမှတ် ရရှိထားသည်။

YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက ဟံသာဝတီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အဆင့် ၃ နေရာအတွက် အရေးပါသည့်ပွဲတွင် အား/ကာသိပ္ပံအသင်း နိုင်ပွဲရယူပြီး တတိယနေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။ အား/ကာ သိပ္ပံအသင်းအတွက် လူစားဝင်ကစားသမား ဇာနည်က ၆၈ မိနစ်၊ မိနစ် ၇၀တွင် နှစ်ဂိုးဆက် သွင်းယူပေးခဲ့ပြီး ၈၄ မိနစ်တွင် အောင်မြတ်သူက ဟံသာဝတီအသင်းအတွက် ချေပဂိုး တစ်ဂိုးပြန်သွင်းခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံး ကစားသမားဆုကို နှစ်ဂိုး သွင်းယူပေးခဲ့သည့် အား/ကာသိပ္ပံအသင်းမှ ဇာနည်က ရရှိသည်။ ယခုပွဲအပြီးတွင် အား/ကာ သိပ္ပံအသင်းက ၁၀ ပွဲကစား ရမှတ် ၂၀၊ ဟံသာဝတီအသင်းက ၁၁ ပွဲကစား ၁၆ မှတ် ရရှိထားသည်။

ပွဲစဉ် (၁၁) တတိယနေ့ကို ဇူလိုင် ၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ GFA အသင်းနှင့် မဟာယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**

# ခံယူချက်မှန်ကန်စွာဖြင့် တာဝန်ထမ်းဆောင်မည့် အလုပ်သင် ဆရာဝန် ၆၀၀ ကျော်အား ကျန်းမာရေးဝန်ကြီးဌာနမှ ဂုဏ်ပြုကြိုဆို

**နေပြည်တော် ဇူလိုင် ၃**

သင်ကြားရေးဆေးရုံကြီးများ၌ ၂၀၂၃ ခုနှစ် ဇူလိုင်လမှစ၍ တစ်နှစ်တာ အလုပ်သင်ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်ကြမည့်သူများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားများကို ယနေ့နံနက်ပိုင်းက မြောက်ဥက္ကလာပမြို့နယ် ဆေးတက္ကသိုလ်(၂)နှင့် မွန်းလွဲပိုင်းတွင် လမ်းမတော်မြို့နယ်ရှိ ဆေးတက္ကသိုလ်(၁)တို့၌ ကျင်းပသည်။



အဆိုပါ အခမ်းအနားများသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း တက်ရောက်၍ အမှာစကားပြောကြားရာတွင် ခံယူချက် မှန်ကန်စွာဖြင့် ကြိုးစားခဲ့ပြီး အလုပ်သင်ဆရာဝန်အဖြစ်သို့ ရောက်ရှိလာသည့်အတွက် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုရရှိမည်ဖြစ်သည့်အတွက် နိုင်ငံတော်နှင့်ဝန်ကြီးဌာနအတွက် အလွန်မင်္ဂလာရှိသည့် နေ့ထူးနေ့မြတ်ဖြစ်ပါကြောင်း၊ မလျော့သော ဇွဲ၊ လုံ့လ၊ ဝီရိယ၊ စစ်မှန်သော ခံယူချက်၊ ယုံကြည်ချက်၊ ခိုင်မာသော စိတ်ဓာတ်တို့ဖြင့် မဆုတ်မနစ်ကြိုးစားအားထုတ်မှုကြောင့်သာ ယခုကဲ့သို့ အလုပ်သင်ဆရာဝန်အဖြစ်သို့ ရောက်ရှိလာခြင်းဖြစ်သည့်အတွက် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အသိအမှတ်ပြုဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

တာဝန်ကျရာဒေသရှိပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း၊ ယနေ့အချိန်အထိ ဆေးပညာရှင် ဆရာဝန် ၄၇၃၃၇ ဦး၊ သွားဘက်ဆိုင်ရာ ဆရာဝန် ၅၄၃၇ ဦး၊ ဆေးဝါးပညာရှင် ၄၂၂၂ ဦး၊ ဆေးဘက်ဆိုင်ရာ နည်းပညာရှင် ၄၅၂၉ ဦး၊ သူနာပြုသိပ္ပံဘွဲ့ရ ၉၄၉၆ ဦးနှင့် အခြေခံကျန်းမာရေးပညာရှင် ၂၃၆၆ ဦးတို့ကို မွေးထုတ်ပေးပြီးဖြစ်ပါကြောင်း၊ ဘွဲ့လွန်သင်တန်းများကို ၁၉၆၄ ခုနှစ်မှစ၍ဖွင့်လှစ်ခဲ့ပြီး လက်ရှိအချိန်တွင် ဒီပလိုမာ၊ မဟာသိပ္ပံနှင့် ပါရဂူဘွဲ့လွန် သင်တန်းအမျိုးအစား ၁၄၀ ကို ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း။

အလုပ်သင်ဆရာဝန်ကာလ ပြီးဆုံးပါက လက်ထောက်ဆရာဝန်များအဖြစ် နိုင်ငံ့တာဝန်များကို ဆက်လက်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ့တာဝန်ထမ်းဆောင်ကြသည့် လက်ထောက်ဆရာဝန်များအတွက် လုပ်သက်သတ်မှတ်ချက်မရှိဘဲ တက်ရောက်နိုင်သော ဘွဲ့လွန်သင်တန်း ၁၁ မျိုးကိုလည်း ဝင်ရောက်ဖြေဆိုခွင့်ရရှိမည်ဖြစ်သည့်အတွက် အလုပ်သင် ဆရာဝန်ကာလတစ်လျှောက် အချိန်ကို အကျိုးရှိအောင် ကြိုးစားသွားကြရန် တိုက်တွန်းပါကြောင်း၊ နိုင်ငံတော်၏ကျေးဇူးကို ယုံကြည်ချက်၊ ခံယူချက်ခိုင်ခိုင်မာမာဖြင့် ကျေးဇူးဆပ်နိုင်သော အဖိုးတန် နိုင်ငံ့သားကောင်းရတနာများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်မောင်အေးက နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဆရာဝန်များလိုက်နာရမည့် ကျင့်ဝတ်များနှင့်ပတ်သက်၍ ရှင်းလင်းမှာကြားသည်။

အခမ်းအနားများအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် အလုပ်သင်ဆရာဝန်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး လန်းဆန်းစာ အတူတကွ သုံးဆောင်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးသို့ သွားရောက်ကာ အသစ်ဖွင့်လှစ်မည့် ခွဲစိတ်ခန်းများ ပြင်ဆင်ထားရှိမှု၊ အထူးကြပ်မတ်ကုသဆောင်များ၊ ကျောက်ကပ် သွေးသန့်စင်ခန်းများတွင် လူနာများ စိတ်အေးချမ်းသာစွာကုသမှု ခံယူနိုင်ရန် ပြင်ဆင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

အလားတူ ဆေးတက္ကသိုလ် - မန္တလေး အလုပ်သင်ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်ကြမည့်သူများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ဆေးတက္ကသိုလ် - မန္တလေး ဇီဝက(မန်းရတနာပုံ) ခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း တက်ရောက်၍ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့အတူ ဆေးတက္ကသိုလ် - မကွေး အလုပ်သင်ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်ကြမည့်သူများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဆေးတက္ကသိုလ် - မကွေး ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာတင်ထွန်း တက်ရောက်၍ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များမှ အလုပ်သင်ဆရာဝန် စုစုပေါင်း ၆၀၄ ဦးသည် ၂၀၂၃ ခုနှစ် ဇူလိုင်လမှစတင်၍ သင်ကြားရေးဆေးရုံကြီးများတွင် အလုပ်သင်ဆရာဝန်အဖြစ် တစ်နှစ်တိတိ တာဝန်ထမ်းဆောင်ကြမည်ဖြစ်ပြီး သင်တန်းကာလပြီးမြောက်ပါက လက်ထောက်ဆရာဝန်များအဖြစ် နိုင်ငံ့တာဝန်ကို ဆက်လက်ထမ်းဆောင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုမည့်ပစ္စည်းများ ဘေးသင့်ဒေသများသို့ ဖြန့်ခွဲပေးရန် စီစဉ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပဲနို့အာဟာရတိုက်ကျွေးရေးစီမံချက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

**စစ်တွေ ဇူလိုင် ၃**

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းသို့ ရောက်ရှိပြီး MV-FORTUNE သင်္ဘောပေါ်မှ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် အသုံးပြုမည့် ပစ္စည်းများကို လူအင်အား၊ စက်ယန္တရားအင်အားများ အသုံးပြု၍ ဘေးသင့်ဒေသများသို့ ဖြန့်ခွဲပေးရန် စီစဉ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ **(အပေါ်ယာပုံ)** လိုအပ်သည်များ မှာကြားသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည့် ပဲနို့အာဟာရတိုက်ကျွေးရေး စီမံချက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ် စစ်တွေမြို့တွင် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်က အခြေခံပညာကျောင်းများရှိ ကလေးငယ်များအတွက် ပဲနို့အာဟာရ တိုက်ကျွေးရေး စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စီမံချက်အောင်မြင်အောင် အားလုံးဝိုင်းဝန်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကလေးငယ်များကို ပဲနို့တိုက်ကျွေးခြင်းအားဖြင့် ခန္ဓာကိုယ် ကြီးထွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုခြင်း၊ အရိုးများနှင့် သွားများ ခိုင်ခံ့စေခြင်း၊ သွေးလည်ပတ်မှုကောင်းမွန်စေခြင်း၊ ကိုယ်ခံအားကောင်းမွန်ပြီး အစာအိမ်နှင့် အူလမ်းကြောင်းအတွက် အထောက်အကူပြုခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ကြသည့် မိမိတို့၏ ကလေးငယ်များ ကျန်းမာကြံ့ခိုင်စွာဖြင့် ပညာသင်ကြားခွင့်ရရှိပြီး နိုင်ငံအတွက် တန်ဖိုးကြီးသော အရင်းအမြစ်များ ပေါ်ထွက်စေရေးဆောင်ရွက်ရာတွင် တစ်ဖက်တစ်လမ်းကနေ အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းအနေဖြင့် စစ်တွေမြို့တွင် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဖွင့်လှစ်ထားသည့် လူငယ်သင်တန်းကျောင်းနှင့် မြို့ပေါ်ရှိ အခြေခံပညာကျောင်း အချို့တွင် ပဲနို့ တိုက်ကျွေးလျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်၏ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းဆောင်ရွက်ပေးသည့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများကို ကျေးဇူး အထူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပဲနို့အာဟာရ တိုက်ကျွေးရေး စီမံချက်နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်းက ရှင်းလင်းတင်ပြပြီး တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူငယ်သင်တန်းကျောင်း၊ အမှတ် (၉) အခြေခံပညာ အထက်တန်းကျောင်း (မင်းဂံ)နှင့် အခြေခံပညာ မူလတန်းကျောင်း (ဘောက်သီးစု) ကျောင်းများသို့ ပဲနို့ကြိုတ်စက်နှင့် ဆက်စပ်ပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲနို့ထုတ်လုပ်မှု သရုပ်ပြသခြင်းကို ကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူကလေးများကို ပဲနို့နှင့် အာဟာရဖြည့်စွက်စာများ တိုက်ကျွေးပေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီများအလိုက် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ လုပ်ငန်းတိုးတက်မှု အခြေအနေများနှင့်စပ်လျဉ်းသည့် တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**တင်ထွန်း(ပြန်/ဆက်)**

## ဖျာပုံမြို့၌ အခြေခံစားသောက်ကုန်ပစ္စည်းများကို ပြည်သူများသို့ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

**ဖျာပုံ ဇူလိုင် ၃** - ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ ပြည်သူများ အခြေခံစားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်ရေးအတွက် ဖျာပုံခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ညွှန်ကြားမှုဖြင့် ဇူလိုင် ၃ ရက်တွင် ဖျာပုံမြို့ အမှတ် (၁၉) ရပ်ကွက် အုပ်ချုပ်ရေး မှူးရုံးရှေ့၌ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းဦး၊ စားသုံးသူရေးရာ ဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးမင်းဇော်၊ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာကျော်မြင့်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဒေါ်သက်သက်ကြူနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပါဝင်သောပူးပေါင်းအဖွဲ့က ဖျာပုံမြို့ အမှတ် (၁၉) ရပ်ကွက်အတွင်းရှိ ပြည်သူများ အခြေခံစားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်ရေးအတွက် ဆီတစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀၊ ဘဲဥတစ်လုံးလျှင် ငွေကျပ် ၂၃၀၊ ဝက်သား တစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀၀ ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**အောင်ဝင်းနိုင်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ





**နေပြည်တော် ဇူလိုင် ၃**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ကျောက်ဖြူမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ကညင်တောရပ်ကွက်နှင့် ရခိုင်ပိုက်ဆိပ်ရပ်ကွက်များ အတွင်းရှိ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် နေအိမ်များအား မြို့ပေါ်ပရဟိတအသင်းများက သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အတွက် မြို့လုံးကျွတ် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုသည်။ ယင်းနောက် စေတီတောင်ရပ်ကွက်ရှိ သာသနဇောတိကာရုံ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ အဆိုပါကျောင်းတိုက်၌ နယ်လှည့် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးပြီး ဆေးကုသမှုခံယူနေသူများကို ဆီ၊ ရေသန့်၊ စားသောက်ဖွယ်ရာများနှင့် တိုင်းရင်းဆေး လုပ်ငန်းရှင်များမှ ပေးပို့လှူဒါန်းသည့် တိုင်းရင်းဆေးမျိုးစုံကို ပေးအပ်လှူဒါန်းကာ အားပေးစကားများ ပြောကြားသည်။

ထို့နောက် ကျောက်ဖြူခရိုင်ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ဆေးကုသမှုခံယူနေသည့် နဂါးကျောင်းပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစက္ကိန္ဒာဘိဝံသကိုသွားရောက်ဖူးမြော်ကြည်ညိုပြီး ကျန်းမာရေးအခြေအနေများအား မေးမြန်းလျှောက်ထားကာ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် အားဆေးများ ဆက်ကပ်လှူဒါန်းသည်။

အလားတူ ဘူးသီးတောင်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အတူ ကကျက်ဘက်ကံပြင် ကျေးရွာအုပ်စုရှိ အမှတ်(၃) အခြေခံပညာမူလတန်း (လွန်)ကျောင်း၌ ကျေးရွာအုပ်စု သုံးစုမှ ဒေသခံပြည်သူများအား နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက် ပေးနေမှုများကို သွားရောက်ကြည့်ရှု အားပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ အဆိုပါစာသင်ကျောင်း၌ လေဘေးသင့်ပြည်သူများအတွက် ဆောက်လုပ်ရေးပစ္စည်းများ၊ ဆန်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ယင်းနောက် ဆရာ ဆရာမများအား ဆန်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ပြီး အားပေးစကားများ ပြောကြားကာ စာသင်ကျောင်းဆောင် အဆောက်အအုံ ပြန်လည်ပြုပြင်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ မြောက်ဦးမြို့၌ ရောက်ရှိနေသော ဗိုလ်ချုပ်သောင်းထိုက်ရွှေသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြောက်ဦးမြို့ မြို့တော်ခန်းမ၌ ရောက်ရှိနေသော မုန်တိုင်းသင့်ပြည်သူများအား ထောက်ပံ့မည့် ဆန်အိတ် ၁၀၂၇ အိတ်ကို ကြည့်ရှုစစ်ဆေးပြီး မုန်တိုင်းသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံး ဖြန့်ဖြူးပေးနိုင်ရေး လိုအပ်သည်များ မှာကြားသည်။

အလားတူ ချင်းပြည်နယ် ပလက်ဝမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် နေဝင်းအောင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်း၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ တာဝန်ရှိသူများအား ထောက်ပံ့ပစ္စည်းများ ရောက်ရှိပါက ပစ္စည်းများ ဆုံးရှုံးမှုမရှိစေရေး စနစ်တကျထိန်းသိမ်းထားသိုရန်နှင့် ထားရှိမည့်နေရာများ ကြိုတင်ပြင်ဆင်နိုင်ရေး အခြေအနေများနှင့် ပတ်သက်၍ မှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ထောက်ပံ့ပစ္စည်းများထားရှိမည့် Cyclon Shelter သို့ သွားရောက်၍ ပစ္စည်းထားသိုမှုနှင့် ထားရှိမည့်နေရာများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ထို့အတူ ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ဝင်းမောင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဦးရာဇ မင်္ဂလာကြိုးတံတား ပြုပြင်တည်ဆောက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၃**

သဘာဝ ဘေးအန္တရာယ်ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့ စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ စံပြရပ်ကွက်ရှိ စံပြစာတိုက်၌ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

အလားတူ မောင်တောမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်လှည့်ဆေးကုသရေး အဖွဲ့များနှင့် ပူးပေါင်း၍ ရွှေဇားကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည် များ ကူညီဆောင်ရွက်ပေးသည်။

ထို့အတူ ကျောက်ဖြူမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ စေတီတောင်ရပ်ကွက်ရှိ သာသနဇောတိကာရုံကျောင်းတိုက်၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

အလားတူ ဘူးသီးတောင်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် လက်ဝဲဒက်ပြင်ရှည် ကျေးရွာ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး နယ်လှည့်ဆေးကုသရေး အဖွဲ့များနှင့် ပူးပေါင်း၍ ကကျက်ဘက်ကံပြင် ကျေးရွာ၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။ **(အောက်ဝဲပုံ)**

ထို့အတူ စစ်တွေမြို့၌ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ ငါးပွန်းကြီးကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည် များ ကူညီဆောင်ရွက်ပေးသည်။

အလားတူ ရသေ့တောင်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များ နှင့် ပူးပေါင်း၍ သာသနာ့ဗိမာန် ကျောင်းတိုက်၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇူလိုင် ၃**

ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေခံ တပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ နှင့် တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။ ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲ ဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင် ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဖြစ်ရပ်မှန် ကမ္ဘာ့မြင်ကွင်းကြီးက ရယူအပ်ရာ သင်ခန်းစာများ

❒ **တကယ်ဆို ကမ္ဘာမှာ အရေးပေါ်အကူအညီလိုအပ်နေတဲ့ ဆင်းရဲတဲ့ နိုင်ငံတွေကို လူသားဆန်စွာ ထောက်ပံ့ကူညီသင့်တာပေါ့။ အကူအညီ လိုအပ်နေတဲ့ ဆင်းရဲတဲ့ နိုင်ငံတွေကို ကူညီဖို့ထောက်ပံ့တဲ့ ကုလသမဂ္ဂ ရန်ပုံငွေဟာ ယခုယူကရိန်းကို အမေရိကန်က ထောက်ပံ့နေတဲ့ လက်နက် တန်ဖိုးရဲ့ ၂၀ ရာခိုင်နှုန်းပဲ ရှိပါတယ်တဲ့။ ( ဒါက ကုလသမဂ္ဂရဲ့ ရုရှား ကိုယ်စားလှယ် ဗာဆီလီအလက်ဆီနီဗာညာရဲ့ မှတ်ချက်စကားပါ)။ ယနေ့လက်နက်တွေရဲ့ စွမ်းပကား ဘယ်လိုရှိမလဲဆိုပြီး သေတွင်းထဲ အပို့ခံရတဲ့ အစမ်းသပ်ခံ ယူကရိန်းစစ်သည်တွေနဲ့ ယူကရိန်းပြည်သူတွေရဲ့ ဘဝကတော့ ဆက်မတွေးရဲစရာပါ**

### သူများလက်နက် ကိုယ့်အသက်မက ဘဝတွေ ဖျက်နေကြသူများ

ကမ္ဘာကြီးရဲ့ နေရာတစ်နေရာရာမှာ လူတွေ သေကျေပျက်စီးတာကိုကြည့်ပြီး ကျိတ်ပြီးပျော် နေတဲ့အုပ်စုတစ်ခု၊ အဖွဲ့တစ်ဖွဲ့ သို့မဟုတ် နိုင်ငံ တစ်နိုင်ငံ ရှိကိုရှိနေတယ်ဆိုရင် အများစုက အံ့အားသင့်ကြပါလိမ့်မယ်။ စစ်တွေဖြစ်နေတာ မကောင်းဘူး၊ စိတ်မကောင်း၊ ဝမ်းနည်းတဲ့သူက များပေမယ့်တကယ်လည်း စစ်ကိုမဖြစ်ဖြစ်အောင် ဖန်တီး၊ စစ်ကို အဆုံးမသတ်နိုင်အောင် လောင်စာ ဆက်ရှို့နေတဲ့ လူတစ်စုကတော့ အမှန်တကယ် ကို ရှိနေပါတယ်။ လက်ရှိဖြစ်နေတဲ့ ယူကရိန်း- ရုရှားပဋိပက္ခကိုပဲကြည့်ပါ။

ဒီစစ်ပွဲကို ကမ္ဘာကြီးကလည်း အဆုံးသတ် စေချင်ပါပြီ၊ ဒုက္ခပေါင်းစုံခံစားရတဲ့ ယူကရိန်း ပြည်သူတွေကတော့ ဆိုဖွယ်ရာမရှိ၊ ပြီးစေချင် လှပြီဆိုတာ မေးခွန်းထုတ်စရာ မလိုပါဘူး။ စီးပွား ဆုတ်ယုတ် ဘဝတွေပျက်၊ အဏုမြူခြိမ်းခြောက်မှု အန္တရာယ်နဲ့ အနာဂတ်မဲ့ ထိတ်လန့်နေကြတဲ့ စစ်ဒဏ်ခံယူကရိန်းပြည်သူတွေကို စာနာ နားလည်မှု ပေးကြတဲ့သူတွေ ကမ္ဘာမှာ များစွာ များစွာရှိနေသော်လည်း...။

### အမြော်အမြင်နည်းပါးသော ခေါင်းဆောင်ကြောင့်

လက်ရှိဖြစ်နေတဲ့ ရုရှား- ယူကရိန်းစစ်က အဆုံးသတ်ဖို့ မလွယ်ပါဘူး။ တရုတ်နိုင်ငံရဲ့ ဖျန်ဖြေမှုဟာလည်း အဟောသိကံ ဖြစ်ခဲ့ရပြီ။ တရုတ်နိုင်ငံရဲ့ စေ့စပ်ပေးမှုကို ယူကရိန်း ခေါင်းဆောင်တွေက လက်မခံသလို အမေရိကန် ကလည်း ပယ်ချခဲ့ပါတယ်။ ဒါပေမယ့် ငြိမ်းချမ်းရေး လိုလားတဲ့ ဘရာဇီးလ်လို နိုင်ငံအများအပြားက တော့ လက်ခံပါတယ်။ ယူကရိန်း ခေါင်းဆောင် တွေဟာ အရှုံးထဲက အမြတ်ကို မထုတ်တတ်တဲ့ အတွက် နစ်ပြီးရင်းနစ်မယ့် အနေအထားများသာ မြင်တွေ့နေရပါတယ်။

အချုပ်အခြာနဲ့နယ်မြေပိုင်နက် ယခုထက် ပိုပြီး ဆုံးရှုံးနိုင်ခြေရှိတဲ့ အနေအထားကို ယူကရိန်းခေါင်းဆောင်တွေ စစ်မဖြစ်ခင် ကတည်းက ထည့်သွင်းမစဉ်းစားခဲ့တာကတော့ တကယ့်ကိုအမြော်အမြင်နည်းပါးတယ်လို့ဆိုရ ပါလိမ့်မယ်။ တကယ်ကို သင်ခန်းစာယူစရာပါ။ ယူကရိန်းခေါင်းဆောင်တွေရဲ့ ရေရှည်မစဉ်းစား တတ်တဲ့ အမြော်အမြင် နည်းပါးမှုကို တွေးဆရင်း ယနေ့နိုင်ငံအကြီးအကဲတွေရဲ့ ပြည်တွင်းရေးနဲ့ ပြည်ပရေးရာတွေမှာ ဟန်ချက်ညီညီ အမြော် အမြင်ရှိရှိ တွေးခေါ်ဆောင်ရွက်သွားပုံတွေနဲ့ နှိုင်းယှဉ်သုံးသပ်မိပါတယ်။ ယူကရိန်းလို အခြေ အနေကို ယခုလို လက်မခံနိုင်တဲ့အတိုင်းအတာမှာ ငါတို့ပြည်သူတွေ အဆိုးဆုံး အနေအထားကြီး တစ်ခုဆီ ရောက်မသွားတာကိုက ကံကောင်းလှ တယ်လို့ ဆိုရပါလိမ့်မယ်။

### သူများအတွက်နဲ့ စတေးခံနိုင်ငံသားတွေရဲ့ ဘဝတွေ

ဘယ်လိုပဋိပက္ခပဲဖြစ်ဖြစ်၊ ဘယ်ပုံစံစစ်ပွဲပဲ ဖြစ်ဖြစ် ဖြစ်ပြီဆိုရင် ယုံကြည်မှုပြန်လည် တည်ဆောက်ရတာ အင်မတန်ခဲယဉ်းတယ်ဆိုတာ ဒီစစ်ပွဲက ပြသနေပါတယ်။ ဖြေရှင်းဖို့ မဖြစ်နိုင်ဘူး ဆိုတာ ယုံကြည်မှုတည်ဆောက်ဖို့ ခက်ခဲနေလို့ပါ။ ငြိမ်းချမ်းရေးတည်ဆောက်မှုမှန်သမျှ ထိုနည်းတူပါပဲ။ တစ်ဖက်က ယုံကြည်မှု ဘယ်လိုပေးပေး တစ်ဖက် ကပေးတဲ့ ယုံကြည်မှုကို နားလည်နိုင်စွမ်းမရှိရင် ငြိမ်းချမ်းရေးရဖို့ရန် မလွယ်ပါဘူး။ အယူမှား၊ အမြင် မှားပြီး နားလည်မှုလွဲအောင် မြှောက်ပေးပင့်ပေးတဲ့ သူကိုပဲ အမှန်ထင်နေတတ်တယ်။ ကိုယ့်ကို မြှောက်ပေး လို့မြှောက်ပေးမှန်းမသိ၊ သူများအတွက်နဲ့ ကိုယ့်နိုင်ငံသား တွေရဲ့ အသက်တွေ စတေးနေကြရတာကို မြင်ဖို့လိုပါ တယ်။

ယခုလတ်တလောမှာ ယူကရိန်းပြည်သူလေးသိန်း လောက် သေဆုံးခဲ့ရပါပြီ။ မြို့တွေ ပျက်စီး၊ လမ်း တံတားတွေ ဖျက်ဆီးခံခဲ့ရပါပြီ၊ စားနပ်ရိက္ခာတွေ လျော့ပါးကုန်ပြီ၊ မိမိနိုင်ငံသားတွေ သူများနိုင်ငံ ထဲရောက်၊ အောက်ကျနောက်ကျဘဝနဲ့ နေရတဲ့ နိုင်ငံသား ၂၅ သန်းကျော်သွားပါပြီ။ ကိုယ့်ဘက်က အသာရဖို့ နေနေသာသာ ကိုယ့်နိုင်ငံနယ်နိမိတ် ၂၀ ရာခိုင်နှုန်းအထိ သူများလက်ထဲ ပါသွားပါပြီ။ ညံ့လွန်း တဲ့ခေါင်းဆောင်အောက်မှာ ဒါမျိုးတွေ ဖြစ်တတ်ပါ တယ်။ ခေါင်းဆောင်မလိမ္မာလို့ အချုပ်အခြာအာဏာ ဆုံးရှုံးရသည်အထိ အခြေအနေမျိုးကို ဘယ်လိုမှခံစား လို့မရနိုင်ပါဘူး။ ခံစားမှုမဲ့တဲ့ ခေါင်းဆောင်ရဲ့အောက်မှာ နေရတဲ့ ယူကရိန်းပြည်သူတွေရဲ့ဘဝဟာ အလွန်ကို သနားစရာကောင်းလှပါတယ်။

### အတွက်အချက်မှားယွင်းတဲ့ game plan နဲ့ အထိုးကျွေးခံ ...ပွန်း

ယူကရိန်းစစ်ဟာ တကယ်တော့ ယူအက်စ်နဲ့ အနောက်အုပ်စု၊ သူတို့ရဲ့ လက်ဝေခံနိုင်ငံ အချို့ရဲ့ အတွက်အချက် မှားယွင်းတဲ့ game plan တစ်ခုပါပဲ။ ရလဒ်အနေနဲ့က ယူကရိန်းနိုင်ငံနဲ့ ယူကရိန်းပြည်သူ တွေဟာ အမေရိကန်နဲ့ ရုရှားနိုင်ငံကြား ပဋိပက္ခရဲ့ သားကောင်တွေဖြစ်နေရပါပြီ။ နှစ်နိုင်ငံကြား proxy စစ်ပွဲမှာ အမေရိကန်ထိုးကျွေးတဲ့ ပွန်းကို ယနေ့ ယူကရိန်းပြည်သူတွေ ခံစားနေရတယ်လို့ ပြောသွားသူ က ၂၀၂၄ ခုနှစ် သမ္မတရွေးကောက်ပွဲဝင်မယ့် ဒီမို ကရက်တစ်ပါတီ သမ္မတလောင်း ရောဘတ်ဖရန့်စစ် ကနေဒီ ဂျူနီယာ (၃၅ ဦးမြောက် အမေရိကန်သမ္မတ ဂျွန်အက်ဖ်ကနေဒီရဲ့ တူအရင်းဖြစ်သူက သူ့ရဲ့မဲဆန္ဒရှင် တွေကို ရှင်းလင်းတဲ့ပြောစကား) ဖြစ်ပါတယ်။

အလွန်သင်ခန်းစာယူသင့်တဲ့ ထိုမှတ်ချက်ကို Nation TV က ဖော်ပြခဲ့ခြင်း ဖြစ်ပါတယ်။ ဒီလို စဉ်းစားမိတယ်ဆိုရင်တောင် စဉ်းစားမိတဲ့အချိန် နောက်မကျပါဘူး။ ယူကရိန်းနိုင်ငံရော ပြည်သူ ကိုပါ ကယ်တင်လို့ ရပါသေးတယ်။ ကယ်တင်ဖို့ စစ်ကို ဆက်တိုက်ချင်နေတာ စစ်ကိုမရပ်ချင်တာ ဘယ်သူလဲ၊ ဒီအချိန်မှာ ရှင်းရှင်းလင်းလင်း သိဖို့ လိုလာပါပြီ။ ကမ္ဘာတစ်ဝန်းက ပြည်သူတွေက စစ်ကိုရပ်ချင်နေကြပါပြီ၊ ယူကရိန်းပြည်သူတွေက တော့ အဆိုးဆုံးပေ့ါ။

စစ်ရဲ့အနိဋ္ဌာရုံတွေကို မမြင်ချင်အဆုံး၊ မကြားချင် အဆုံးဟာ ယူကရိန်းပြည်သူတွေကလွဲပြီး ဘယ်သူမှ မရှိနိုင်ပါဘူး။ ထိုနည်းတူ အနောက်ဥရောပ ပြည်သူ အများစုကလည်း စစ်ကိုဆန့်ကျင်ကုန်ပါပြီ။ တရုတ် နိုင်ငံက အဆိုပြုတဲ့ ငြိမ်းချမ်းရေးအဆိုပြုချက်ကို လည်း ယူကရိန်းနဲ့ အမေရိကန်ဘက်က သဘော မတူဘူး...ဆိုတော့၊ ရုရှားနိုင်ငံနဲ့ပြည်သူတွေကတော့ အစကတည်းက မတိုက်ချင်တဲ့စစ်ကို သူတို့ အမျိုးသားလုံခြုံရေးအတွက် တိုက်ခဲ့ကြရတယ်။ ရုရှားဘက်ကတော့ သူ့ဘက်က ဖြစ်နိုင်တဲ့ တောင်းဆိုချက်တွေနဲ့ စစ်ကိုရပ်မယ်ဆိုရပ်လို့ရပြီ။ သူ့ဘက်က တောင်းဆိုချက်ဟာ သူ့နိုင်ငံလုံခြုံရေး အတွက် ဖြစ်သင့်တဲ့ တောင်းဆိုချက်တွေပါပဲ။ အနောက်မျှော် ယူကရိန်းဘက်ကတော့ ဘယ်လိုမှ မဖြစ်နိုင်တော့တဲ့ တောင်းဆိုချက်တွေနဲ့ နယ်ချဲ့တို့ မြှောက်ပေးတဲ့အတိုင်း စစ်ဘောင်ကို ချဲ့ချင်နေ တုန်းပါ။ စစ်မဖြစ်ခင်ကလည်း မစဉ်းစားခဲ့တဲ့

**“ကျွန်တော်တို့ မြန်မာပြည်သူတွေအနေနဲ့လည်း သင်ခန်းစာယူတတ်ရင် အများကြီးပါပဲ။ ယူကရိန်းပြဿနာမှာလိုပဲ မြန်မာနိုင်ငံမှာလည်း ပြဿနာကို ပြေလည်အောင်ကြိုးစားနေသူ၊ မပြေလည်အောင် ကြိုးစားနေသူတွေက ဘယ်သူလဲ..ဆိုတာ ခွဲခွဲခြားခြား မြင်စေချင်ပါ တယ်။ မြန်မာနိုင်ငံ အခြေအနေနဲ့ပတ်သက်ပြီး မြန်မြန်ပြေလည်စေချင်ပုံရတဲ့ မြန်မာနိုင်ငံနဲ့ နယ်နိမိတ်ဆက်စပ်နေတဲ့ ထိုင်းနိုင်ငံရဲ့ ဖိတ်ခေါ်အစည်းအဝေးတစ်ခုကို အနောက်လက်ဝေခံ နောက်လိုက်နိုင်ငံသုံးနိုင်ငံက ပိတ်ဆို့ဖို့ကြိုးစားခဲ့ကြတာ လက်တွေ့ပါပဲ။ ထိုနိုင်ငံတွေဟာ တရုတ်နဲ့ အိန္ဒိယတို့လို အိမ်နီးချင်းနိုင်ငံကြီးတွေတောင် ပါဝင်တက်ရောက်ခဲ့ကြတဲ့ ထိုအစည်းအဝေးကို လာမတက် ခဲ့ကြပါဘူး။ အချိန်တန်ရင် ကိုယ့်အမျိုးသားအကျိုးစီးပွား၊ ကိုယ့်နိုင်ငံနယ်နိမိတ် အထိပါးမခံရအောင်သာ ဘယ်လို ဘယ်ပုံ ဂရုစိုက်ကြ ပုံနဲ့ ဘယ်သူက မိတ်ဆွေအစစ်အမှန်ဆိုတာ သတိပြုမိစေဖို့နဲ့ သင်ခန်းစာယူနိုင်ဖို့ ဖြစ်ပါတယ်”**

## မြင့်မြတ်

ခေါင်းဆောင်တွေ၊ စစ်ပြီးဆုံးဖို့လည်း လမ်းစမရှာ တတ်တဲ့ ခေါင်းဆောင်တွေအနေနဲ့ ဆင်းရဲဒုက္ခတွင်း နက်နေတဲ့ ပြည်သူတွေရဲ့ဘဝတွေကို စာနာ နားလည်ဖို့သင့်ပါပြီ။ မြှောက်ပေးသူနယ်ချဲ့တွေ အနေနဲ့လည်း ကိုယ်ချင်းစာဖို့သင့်ပါပြီလို့သာ ဆိုချင် ပါတယ်။

### စစ်ရေးအမြင်မရှိတဲ့ ခေါင်းဆောင်ကြောင့်

တစ်ဖက်က ဇာလန်စကီးကို မြှောက်ပေးသူ တွေအနေနဲ့က ကမ္ဘာကြီးရဲ့ ငြိမ်းချမ်းရေးကို တကယ်လိုလားရင်၊ ယူကရိန်းပြည်သူတွေရဲ့ဘဝကို အမှန်တကယ် ကယ်တင်လိုတဲ့ စိတ်စေတနာရှိတယ် ဆိုရင် စစ်ကိုချက်ချင်းရပ်လို့ ရပါတယ်။ ယနေ့ ယူကရိန်းစစ်ဟာ စစ်ကို ဖန်တီးခဲ့သူတွေရဲ့ လက်ထဲ မှာပဲရှိပါတယ်၊ ဘယ်သူ့လက်ထဲမှာမှ မရှိပါဘူး။ စစ်ကို ရပ်ရမယ့်အစား စစ်ပွဲကို ပိုဆိုးစေတဲ့ လူသတ် လက်နက်တွေသာ အတောမသတ် ထောက်ပံ့ပေး နေတာ တွေ့နေရတယ်။ နောက်ထပ် နှစ်ဘီလီယံ ဖိုးခန့် လက်နက်တွေ ဆက်လက်ထောက်ပံ့မယ်လို့ လည်း ကြေညာခဲ့ပါပြီ။

**တကယ်ဆို ကမ္ဘာမှာ အရေးပေါ်အကူအညီ လိုအပ်နေတဲ့ ဆင်းရဲတဲ့ နိုင်ငံတွေကို လူသားဆန်စွာ ထောက်ပံ့ကူညီသင့်တာပေါ့။ အကူအညီလိုအပ်နေ တဲ့ ဆင်းရဲတဲ့ နိုင်ငံတွေကို ကူညီဖို့ထောက်ပံ့တဲ့ ကုလသမဂ္ဂရန်ပုံငွေဟာ ယခုယူကရိန်းကို အမေရိကန် က ထောက်ပံ့နေတဲ့ လက်နက်တန်ဖိုးရဲ့ ၂၀ ရာခိုင် နှုန်းပဲရှိပါတယ်တဲ့။ ( ဒါက ကုလသမဂ္ဂရဲ့ ရုရှား ကိုယ်စားလှယ် ဗာဆီလီအလက်ဆီနီဗာညာရဲ့ မှတ်ချက်စကားပါ)။ ယနေ့လက်နက်တွေရဲ့ စွမ်းပကား ဘယ်လိုရှိမလဲဆိုပြီး သေတွင်းထဲ အပို့ခံရတဲ့ အစမ်းသပ်ခံ ယူကရိန်းစစ်သည်တွေနဲ့ ယူကရိန်းပြည်သူတွေရဲ့ဘဝကတော့ ဆက်မတွေး ရဲစရာပါ။**

ခေတ်မီလက်နက်တွေ ဆက်ထောက်ပံ့တယ်။ လက်နက်အားကိုးနဲ့ တန်ပြန်ထိုးစစ်ဆိုပြီး ထရှူး တယ်။ တိုက်ပွဲဝင်စိတ် မရှိတော့တဲ့ ယူကရိန်းစစ်သား တွေ ထွက်ပြေးလက်နက်ချတဲ့သတင်းတွေ ကြားခဲ့ရ တယ်။ ထောက်ပံ့ထားတဲ့ နောက်ဆုံးပေါ်ခေတ်မီ ပက်ထရီရော့ လေကာတွေ ပျက်စီးသွားပါပြီ။ အနောက်အုပ်စုရဲ့ အဆင့်မြင့် လီယိုပတ်တင့်ကား တွေ၊ သံချပ်ကာယာဉ်တွေ တိုက်ခိုက်ဖျက်ဆီး ခံလိုက်ရပါပြီ။ တန်ပြန်ထိုးစစ်မှာ ယူကရိန်းတပ်ဖွဲ့ တွေ ချေမှုန်းခံနေရတယ်။ လက်ရှိယူကရိန်း ခေါင်းဆောင်တွေဟာ ယူအက်စ်နဲ့အနောက်အုပ်စုရဲ့ ဖိအားဒဏ်ကို မခံနိုင်ကြပါဘူး။ မိမိစစ်သည်တွေ အကျအဆုံးများပြီး မရေရာဘဲ ဆင်နွှဲခဲ့ရတဲ့ တန်ပြန် ထိုးစစ်ဟာ ယူကရိန်းခေါင်းဆောင်တွေရဲ့ စစ်ရေး အမြော်အမြင်နည်းပါးမှုကို ပြသနေသလိုပါပဲ။ တိုင်းပြည်ကို ခေါင်းဆောင်မယ့် ခေါင်းဆောင်တစ်ဦး ဟာ နိုင်ငံရေးအမြင်အပြင် စစ်ရေး၊ ကာကွယ်ရေး အမြင် ပါရှိရမယ်ဆိုတဲ့အချက်ဟာ တိုင်းပြည်ရဲ့လုံခြုံ ရေးအတွက် ဘယ်လောက်အရေးပါကြောင်း ယနေ့ ယူကရိန်းခေါင်းဆောင်တွေက ပြသနေပါတယ်။

### အာရုံလွှဲ ကမ္ဘာအနှံ့ခြေရှုပ်မှုတွေ ဖန်တီးလာနိုင်

ယနေ့ယူကရိန်းရဲ့အခြေအနေကိုကြည့်ရတာ အစပိုင်းမှာ နိုင်မယ်ထင်ပြီး မြှောက်ပေးတိုင်း လိုက်က၊ နောက်ပိုင်းအခြေအနေမဟန်မှ ပျားရည်နဲ့ ဝမ်းချတာခံရမယ့်ဘဝ၊ ဒီနေ့ကမ္ဘာကြီးဟာ တစ်ဦး တည်းထီးတည်းနေလို့မရတဲ့ဘဝမှာ ကိုယ့်ရဲ့ညံ့ဖျင်းမှု ကြောင့် ကိုယ့်နိုင်ငံ၊ နိုင်ငံသားတွေရဲ့ ဆုံးရှုံးမှုသာမက ဒေသတွင်းရော ကမ္ဘာကြီး ငြိမ်းချမ်းရေးအတွက်ပါ အန္တရာယ်ရှိလာနိုင်တာကို *စာမျက်နှာ ၁၁ သို့*

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့်(သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

*စာမျက်နှာ ၁၀ မှ*

## ❒ ယနေ့ကမ္ဘာ့နိုင်ငံအများစုဟာ ဗိုလ်ကျစိုးမိုးရေးဝါဒီတွေရဲ့ လိုသလိုပုံသွင်းခံရမယ့် အရေးကနေ တစ်ပါးသြဇာခံမဖြစ်အောင် ကိုယ့်ကိုယ်ကိုယ် ကာကွယ်နေကြရပြီလည်း ဖြစ်ပါတယ်။ ဆိုဗီယက်ယူနီယံနဲ့ ယူဂိုဆလားဗီးယားတို့လို အစိတ်စိတ်အမြွှာမြွှာ ကွဲထွက်သွားတဲ့ နိုင်ငံတွေ၊ ဆီးရီးယားနဲ့လစ်ဗျားလို ကျဆုံးသွားတဲ့ Fail State နိုင်ငံတွေ၊ အီရတ်နဲ့ အာဖဂန်နစ္စတန်တို့လို အဖျက်ဆီးခံလိုက်ရတဲ့ နိုင်ငံတွေရဲ့ အတိတ်သမိုင်းတွေဆီကနေ သင်ခန်းစာယူစရာတွေ အများကြီး ရှိနေပါတယ်

တွက်ဆနိုင်ရပါမယ်။ ယနေ့ကာလမှာ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် နိုင်ငံအားလုံး၊ ခေါင်းဆောင်အားလုံးမှာ တာဝန်ရှိတယ်ဆိုတာ အလေးအနက်ထားဖို့ လိုလာပါပြီ။

သို့ပေမယ့် လက်ရှိ အခင်းအကျင်းအရတော့ အနောက်အုပ်စုက ယူကရိန်းကို လက်နက်အင်အား အလွန်အကျွံ ထောက်ပံ့လာသလိုကိုယ်တိုင်လည်း အုပ်စုလိုက် အင်အားပြ၊ ဟိုနေရာဒီနေရာ စစ်ရေးလေ့ကျင့်မှုတွေလုပ်ပြနေတဲ့အချက်က စစ်ပွဲကို မနိုင်မှန်းသိတော့ အုပ်စုလိုက် ဝိုင်းတိုက်မယ့် သဘောကိုသာ တွေ့မြင်ရပါတယ်။ ဟန်ရေးပြရာကနေ ကမ္ဘာ့ပြည်သူတွေကို ဘယ်သူသေသေငတေမာပြီးရော ကမ္ဘာစစ်ကြီးထဲ အတင်းအဓမ္မ ဇွတ်သွင်းနေတဲ့ သဘောလို့ ဆိုနိုင်ပါတယ်။ စစ်ရဲ့ဆိုးကျိုးတွေကို သိသော်လည်း မထူးဇာတ်ခင်းတဲ့ သဘောပါပဲ။ နိုင်ငံရဲ့သမ္မတနဲ့ ခေါင်းဆောင်တွေ လာဘ်စားမှုအရှုပ်တော်ပုံနဲ့ စီးပွားရေး၊ နိုင်ငံရေးဆုတ်ယုတ်ပျက်စီးလာရာကနေ ကမ္ဘာကြီးကိုပါ အပါခေါ်မီးလောင်တိုက်သွင်းမယ့် အရိပ်အယောင်တွေများလား၊ တွေ့မြင်နေရပါတယ်။

### သင်ခန်းစာယူရမယ့်အချက်တွေ

ဝင်ရိုးတစ်ခုတည်း ဗဟိုပြုရာကနေ ဗဟုဝင်ရိုးစုံကမ္ဘာကြီးအဖြစ်ကို ဝင်ရိုးတန်းများ ဖြာထွက်ပြီး ကမ္ဘာ့စူပါပါဝါကြီး တစ်ခန်းရပ်ရတော့မယ့် အခြေအနေကို ခံစားနိုင်စွမ်းမရှိ ဖြစ်နေပုံရပါတယ်။ လက်ရှိဖြစ်နေတဲ့အနေအထားစုံကို တစ်ချိန်က စစ်အေးကာလနဲ့ယှဉ်ပြီး ကမ္ဘာ့ပြည်သူအားလုံးက သတိထားမိလာကြပါပြီ။ ယနေ့နိုင်ငံအများစုကြီးက ကမ္ဘာမှာတစ်ဦးတည်း ဗိုလ်ကျစိုးမိုးလွှမ်းမိုးချုပ်ကိုင်နေခြင်း၊ လွှမ်းမိုးခံရခြင်းများကို မလိုလားကြတော့ပါဘူး။ ဥရောပက နေတိုးအုပ်စုလို အလားတူ အာရှမှာလည်း စစ်အုပ်စုဖွဲ့ပြီး အာရှတိုက်ကြီးကို စစ်မီးမွှေးမယ့်အကြံကို အထူးသတိပြုကြရပါမယ်။

သင်ခန်းစာထုတ်ယူပြီး မိမိအင်အား မိမိတည်ဆောက်ထားဖို့ လိုမယ်ဆိုတာ အားလုံးက သတိချပ်ရမယ့်အနေအထား ဖြစ်ပါတယ်။ အထူးသဖြင့် စွပ်စွဲချက်တွေ၊ ဝါဒဖြန့်ချိမှုတွေ၊ သတင်းမှားတွေ၊ သပ်လျှိုမှုတွေ၊ လူလိမ်တွေကို သတိထား ဆင်ခြင်ကြဖို့ပါပဲ။ မှားယွင်းပြီး လက်ခုပ်မတီးမိအောင်၊ အတုအယောင်တွေကို မထောက်ခံမိအောင်၊ အမုန်းစကားတွေကို သတိထားပြီး ကိုယ်ကိုယ်တိုင် အမုန်းစကား ဖြန့်ဝေသူတွေ ဖြစ်မသွားအောင် အထူးသတိထားစေချင်ပါတယ်။

ကျွန်တော်တို့ မြန်မာပြည်သူတွေအနေနဲ့လည်း သင်ခန်းစာယူတတ်ရင် အများကြီးပါပဲ။ ယူကရိန်းပြဿနာမှာလိုပဲ မြန်မာနိုင်ငံမှာလည်း ပြဿနာကို ပြေလည်အောင် ကြိုးစားနေသူ၊ မပြေလည်အောင် ကြိုးစားနေသူတွေက ဘယ်သူလဲဆိုတာ ခွဲခွဲခြားခြား မြင်စေချင်ပါတယ်။ မြန်မာနိုင်ငံ အခြေအနေနဲ့ ပတ်သက်ပြီး မြန်မြန်ပြေလည်စေချင်ပုံရတဲ့ မြန်မာနိုင်ငံနဲ့ နယ်နိမိတ်ဆက်စပ်နေတဲ့ ထိုင်းနိုင်ငံရဲ့ ဖိတ်ခေါ်အစည်းအဝေးတစ်ခုကို အနောက်လက်ဝေခံ နောက်လိုက်နိုင်ငံ သုံးနိုင်ငံက ပိတ်ဆို့ဖို့ကြိုးစားခဲ့ကြတာ လက်တွေ့ပါပဲ။ ထိုနိုင်ငံတွေဟာ တရုတ်နဲ့ အိန္ဒိယတို့လို အိမ်နီးချင်းနိုင်ငံကြီးတွေတောင် ပါဝင်တက်ရောက်ခဲ့ကြတဲ့ ထိုအစည်းအဝေးကို လာမတက်ခဲ့ကြပါဘူး။ အချိန်တန်ရင် ကိုယ့်အမျိုးသား အကျိုးစီးပွား၊ ကိုယ့်နိုင်ငံနယ်နိမိတ် အထိပါးမခံရအောင်သာ ဘယ်လိုဘယ်ပုံ ဂရုစိုက်ကြပုံနဲ့ ဘယ်သူက မိတ်ဆွေအစစ်အမှန်ဆိုတာ သတိပြုမိစေဖို့နဲ့ သင်ခန်းစာယူနိုင်ဖို့ ဖြစ်ပါတယ်။

နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးအရ မဟာဗျူဟာအချက်အချာကျရာမှာ ရပ်တည်နေတဲ့ မြန်မာနိုင်ငံဟာ ယူကရိန်း၊ တရုတ်(တိုင်ပေ)တို့နဲ့ တန်းတူ အရေးကြီးပါတယ်။ ဆင်ခြင်တုံတရားမရှိ ပညာမဲ့ရင် ပေးရမယ့်အရင်းအနှီးက ကြီးမားလွန်းလှပါတယ်။ ကမ္ဘာကြီးကို ပြဿနာလိုက်ရှာနေတာ ဘယ်သူလဲ၊ အမြင်ကြည်ကြည်နဲ့ မြင်အောင်ကြည့်စေချင်ပါတယ်။ Domino Effect လိုပါပဲ။ သူတို့ရဲ့ ပစ်မှတ်နိုင်ငံ တစ်နိုင်ငံ ပြိုလဲပျက်စီးရင် ကျန်ဘေးကနိုင်ငံတွေပါ အလိုလိုပျက်စီးသွားစေမယ့် ရည်မှန်းချက်အတွက် ကိုယ့်ပြည်တွင်းမှာ ဒီလောက်ပဋိပက္ခမျိုးစုံနဲ့ ဘယ်လိုဖန်တီးခံနေရတယ်ဆိုတာ မြင်စေချင်ပါတယ်။ တစ်နိုင်ငံ ထိခိုက်ရင် ကျန်နိုင်ငံတွေလည်း ထိခိုက်မှာပါ။

**ယနေ့ကမ္ဘာ့နိုင်ငံအများစုဟာ ဗိုလ်ကျစိုးမိုးရေးဝါဒီတွေရဲ့ လိုသလိုပုံသွင်းခံရမယ့် အရေးကနေ တစ်ပါးသြဇာခံမဖြစ်အောင် ကိုယ့်ကိုယ်ကိုယ် ကာကွယ်နေကြရပြီလည်း ဖြစ်ပါတယ်။ ဆိုဗီယက်ယူနီယံနဲ့ ယူဂိုဆလားဗီးယားတို့လို အစိတ်စိတ်အမြွှာမြွှာ ကွဲထွက်သွားတဲ့ နိုင်ငံတွေ၊ ဆီးရီးယားနဲ့လစ်ဗျားလို ကျဆုံးသွားတဲ့ fail state နိုင်ငံတွေ၊ အီရတ်နဲ့ အာဖဂန်နစ္စတန်တို့လို အဖျက်ဆီးခံလိုက်ရတဲ့နိုင်ငံတွေရဲ့ အတိတ်သမိုင်းတွေဆီကနေ သင်ခန်းစာယူစရာတွေ အများကြီး ရှိနေပါတယ်။**

ဒါကြောင့်ပဲ ယနေ့ကမ္ဘာမှာ ကိုယ့်နိုင်ငံ၊ ကိုယ့်အကျိုးစီးပွားကာကွယ်ဖို့ ကိုယ့်အင်အားကိုယ်တည်ဆောက်ပြီး နျူလက်နက်သုံးဖို့တောင် လက်မနှေးတဲ့သူတွေ ရှိလာနေခြင်း ဖြစ်ပါတယ်။ အဓိကအချက်က မိမိလူ့အဖွဲ့အစည်းအတွင်းမှာ အက်ကြောင်းမရှိဖို့ပါပဲ။ နိုင်ငံတစ်ခု ဖြိုခွဲချင်ရင် အက်ကြောင်းကနေ သပ်လျှိုထိုးခွဲတတ်တဲ့ အကျင့်ဟာ အနောက်အင်အားကြီးတွေရဲ့ အကျင့်ပါပဲ။ ဒါကြောင့် မိမိတို့နိုင်ငံမှာ စည်းလုံးညီညွတ်ပြီး အင်အားခိုင်မာတောင့်တင်းဖို့ ယနေ့ကာလလောက် အရေးကြီးတာမရှိဟု ခံယူပြီး ယနေ့ ယူကရိန်းနိုင်ငံလို မိမိနိုင်ငံမှာလည်း proxy war ကိုယ်စားပြုစစ်ပွဲအဖြစ် ဖန်တီးခြင်း မခံရအောင်၊ သပ်လျှိုဖြိုခွဲမခံရလေအောင် သတိထားကာကွယ်စောင့်ရှောက်ကြရမှာပဲ ဖြစ်ပါတယ်။

ဒါပေမယ့်လည်း ကမ္ဘာပေါ်မှာ အမြော်အမြင်နည်းလွန်းလှတဲ့၊ ဆင်ခြင်တုံ တရားမဲ့ ခေါင်းဆောင်တချို့လည်း ရှိနေဆဲဖြစ်တာကြောင့် ကမ္ဘာကြီး နျူကလီးယားချောက်ကမ်းပါးဝ မရောက်အောင်၊ ကမ္ဘာကြီး ယခုထက်ပိုပြီး ငြိမ်းချမ်းသာယာအောင် ယခုထက်ပိုပြီး ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြဖို့သာ ရှိပါတော့တယ်...။ ။

## မန္တလေးတိုင်းဒေသကြီးအတွင်း လုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်

**နေပြည်တော် ဇူလိုင် ၃**

မန္တလေးတိုင်းဒေသကြီးအတွင်း လုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက တိုင်းစစ်ဌာနချုပ်ရှိ အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မန္တလေးတိုင်းဒေသကြီးအတွင်း လုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။ (ဓာတ်ပုံ)

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး တိုင်းဒေသကြီးအတွင်း သိမ်းဆည်းရမိသည့် လက်နက်၊ ခဲယမ်းများ ခင်းကျင်းပြသထားမှုများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## မြန်မာအမျိုးသမီးများနေ့အခမ်းအနား ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး တက်ရောက်

**ပဲခူး ဇူလိုင် ၃**

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ပဲခူးမြို့ မြို့တော်ခန်းမ၌ ဇူလိုင် ၃ ရက် နံနက်က ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီး တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ဇူလိုင် ၃ ရက်တွင် ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနား၌ ဂုဏ်ပြုအမှာစကား တက်ရောက်ပြောကြားသည်။ ယင်းနောက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် Video Clip နှင့် ပဲခူးတိုင်းဒေသကြီး အမျိုးသမီးကော်မတီ၏ တစ်နှစ်တာ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းအား ကြည့်ရှုအားပေးသည်။

ထို့နောက် အခမ်းအနား တက်ရောက်လာကြသူများအား တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုပန်းခြင်းများ ပေးအပ်သည်။ **(အပေါ်ပုံ)**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီး / ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ တာဝန်ရှိသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြခန်းအတွင်း ပြသထားသည်များကို လှည့်လည်ကြည့်ရှုကြသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းများ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ(မူကြမ်း)နှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၃**

စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းများ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ(မူကြမ်း) နှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)

**အတည်ပြုနိုင်ခဲ့ပြီဖြစ်**

အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်က နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် မူပိုင်ခွင့်ကဏ္ဍသည် အရေးကြီးပါကြောင်း၊ မူပိုင်ခွင့်စနစ်တစ်ရပ် အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ၂၀၁၉ ခုနှစ်တွင် မူပိုင်ခွင့်ဆိုင်ရာ ဥပဒေများဖြစ်သည့် စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေ၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေ၊ စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေတို့ကို အတည်ပြုနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ မူပိုင်ခွင့်ဥပဒေလေးခုအနက် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကို စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

**မူပိုင်ခွင့်ချိုးဖောက်ခံရမှုများ လျော့နည်းလာမည်**

စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အဓိက လိုအပ်သည့် နည်းဥပဒေ (၂)ရပ်ကို ရေးဆွဲလျက်ရှိပါကြောင်း၊ နည်းဥပဒေပြဋ္ဌာန်းခြင်းဖြင့် စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းများက စာပေ သို့မဟုတ် အနုပညာလက်ရာများ၊ ဖျော်ဖြေတင်ဆက်မှုများ၊ ဖိုနိုဂရမ်များကို အသုံးပြုသူများထံမှ သင့်တင့်မျှတသော အခကြေးငွေကောက်ခံပြီး လက်ရာရှင်များထံ ပြန်လည်ခွဲဝေပေးခြင်းတို့ကို အကျိုးအမြတ်အတွက် မရည်ရွယ်ဘဲ စီမံဆောင်ရွက်ပေးနိုင်မည်ဖြစ်သဖြင့် လက်ရာများအား အသုံးပြုမှုများကို ကြီးကြပ်ဆောင်ရွက်ရသဖြင့် မူပိုင်ခွင့်ချိုးဖောက်ခံရမှုများ လျော့နည်းလာမည်ဖြစ်ပါကြောင်း၊ ပြည်တွင်းပြည်ပရှိ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းများနှင့်လည်း သဘောတူညီချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ပြီး မူလလက်ရာရှင်များ၊ စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင်များ၊ ဆက်နွှယ်သည့်



အခွင့်အရေးပိုင်ရှင်များအတွက် များစွာသော အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ပါကြောင်း၊ အစည်းအဝေးမှ ဆွေးနွေးအကြံပြုချက်များနှင့်အညီ လိုအပ်သည်များ ပြင်ဆင်ဖြည့်စွက်ပြီး နည်းဥပဒေအတည်ပြုနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေး**

ဆက်လက်၍ မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ခံတို့က စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းများ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ (မူကြမ်း) နှင့် စပ်လျဉ်း၍ အကြံပြုချက်များ၊ သဘောထားမှတ်ချက်များ တောင်းခံရရှိခဲ့မှု အခြေအနေ၊ ပြင်ဆင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော အသင်းအဖွဲ့များမှ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

## ဆင်ပေါင်ဝဲမြို့နယ်၌ မိုးရာသီ တမာပင်စိုက်ပျိုးပွဲ ကျင်းပ



**ဆင်ပေါင်ဝဲ ဇူလိုင် ၃**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ညွှန်ကြားမှုဖြင့် မြို့နယ်သစ်တော ဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနတို့ပူးပေါင်း၍ ၂၀၂၃ ခုနှစ် မိုးရာသီ တမာပင်စိုက်ပျိုးပွဲတော်ကို ယမန်နေ့က ဆင်ပေါင်ဝဲ - လွန်ချီ-ညံတောအင်း- မိကျောင်းရဲကျေးရွာချင်းဆက် လမ်းဘေးဝဲယာတစ်လျှောက် စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

အဆိုပါ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးချန်ဖီယာန်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသက်ဝေအောင်တို့က စိုက်ပျိုးမည့်ပျိုးပင်များကို ပေးအပ်ပြီး ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဒေသခံပြည်သူများက တမာပျိုးပင်ပေါင်း ၁၀၀၀ ကျော်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



(၁၀၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် သာယာဝတီမြို့နယ်သမဝါယမဝန်ထမ်းမိသားစုများက ဇူလိုင် ၁ ရက်က ရွှေဆယ်ဝတီဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအား ဆေးဝါးများနှင့် နံနက်စာ လှူဒါန်းစဉ်။ **သန့်ဇော်(ပြန်/ဆက်)**

# အစ္စရေးက အနောက်ဘက်ကမ်းမြောက်ပိုင်းရှိ ဂျနင်းမြို့ကို ကြီးမားသည့်စစ်ရေးတိုက်ခိုက်မှုပြုလုပ်

**ရာမာလာ ဇူလိုင် ၃**

အစ္စရေးစစ်တပ်က အနောက်ဘက်ကမ်းမြောက်ပိုင်း ဂျနင်းမြို့ကို ဇူလိုင် ၃ ရက် အစောပိုင်းက ကြီးမားသည့်စစ်ရေးတိုက်ခိုက်မှု ပြုလုပ်ခဲ့ကြောင်း မျက်မြင်သက်သေများနှင့် အစ္စရေးစစ်တပ်၏ ထုတ်ပြန်ချက်အရ သိရသည်။

ဒရုန်းနှင့် ရဟတ်ယာဉ်များ နောက်ခံထားသည့် သံချပ်ကာယာဉ်ဒါဇင်သည် မြို့နှင့် ဒုက္ခသည်စခန်းများကို တိုက်ခိုက်ခဲ့ကြောင်း၊ ပါလက်စတိုင်းစစ်သွေးကြွများနှင့် အစ္စရေးစစ်သားများကြား အပြန်အလှန်တိုက်ခိုက်မှုအတွင်း လေကြောင်းတိုက်ခိုက်မှုများကိုလည်း လုပ်ဆောင်ခဲ့ကြောင်း ပါလက်စတိုင်းမျက်မြင်သက်သေများက ပြောကြားသည်။ လေကြောင်းတိုက်ခိုက်မှု စတင်ပြီး မကြာမီ ဂျနင်းမြို့သို့ အစ္စရေးတပ်ဖွဲ့များ ဝင်ရောက်ခဲ့ပြီး စစ်သားများနှင့် ပါလက်စတိုင်းသေနတ်သမားများ အကြား တိုက်ပွဲများ ဖြစ်ပွားခဲ့ကြောင်း ပါလက်စတိုင်း မျက်မြင်သက်သေများက ပြောကြားသည်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုသည် ဇူလိုင် ၂ ရက်ညက အစ္စရေးလုံခြုံရေးခေါင်းဆောင်များနှင့် အစည်းအဝေးပြုလုပ်ခဲ့ကြောင်း အစ္စရေးရေဒီယိုက ထုတ်ပြန်ထားသည်။ နေတန်ယာဟုက ၎င်း၏အစိုးရအဖွဲ့ဖွဲ့စည်းသည့်အချိန်မှစကာ ပါလက်စတိုင်းလူမျိုး အများအပြား သတ်ဖြတ်မှုကို ကြွားဝါခဲ့ပြီး အခြေချနေထိုင်သူများကို ၎င်းတို့ ပြည်သူများအပေါ် ရာဇဝတ်မှုများ ကျူးလွန်ရန် တွန်းအားပေးကြောင်း ပါလက်စတိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တွင် ပြောကြားသည်။

ဇန်နဝါရီလမှစကာ ပါလက်စတိုင်းဘက်က တိုက်ခိုက်မှုကြောင့် အစ္စရေးလူမျိုး ၂၄ ဦးသေဆုံးပြီး အစ္စရေးစစ်သားများနှင့် အခြေချနေထိုင်သူများ၏ တိုက်ခိုက်မှုကြောင့် ကလေးများနှင့် အမျိုးသမီးများအပါအဝင် ပါလက်စတိုင်းလူမျိုး ၁၇၅ ဦး ကျော် သေဆုံးကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။

ဆင်ဟွာ



ဂျနင်းမြို့၌ အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် ဒုက္ခသည်စခန်းတစ်ခုမှ မီးခိုးများထွက်နေသည်ကို ဇူလိုင် ၃ ရက်က တွေ့ရစဉ်။

# ဂျပန်နိုင်ငံအနောက်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေလျှံမှုကြောင့် လူတစ်ဦးသေဆုံးပြီး တခြားသူများ စာရင်းပျောက်လျက်ရှိ

**တိုကျို ဇူလိုင် ၃**

ဂျပန်နိုင်ငံ အနောက်ပိုင်း၌ ယခု သီတင်းပတ်ကုန်အထိ မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ တချို့ မြစ်ချောင်းများ မြစ်ရေလျှံပြီး မြစ်ကမ်းပါးများပေါ်ရေများ ကျော်လွန် ဖုံးလွှမ်းသွားခဲ့သည်။ မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေလျှံမှုကြောင့် အနည်းဆုံး လူတစ်ဦးသေဆုံးခဲ့ပြီး တခြားသူများမှာ စာရင်း မပေါ်ပြနိုင်သေးကြောင်း သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းပြီး မြစ်ရေလျှံခြင်းကို အဆိုးဆုံးခံစားခဲ့ရသော ဒေသမှာ ကူမာမိုတိုဒေသဖြစ်ပြီး ဇူလိုင် ၃ ရက်တွင် မြစ်ချောင်းနှစ်ခုမှ မြစ်ရေလျှံခြင်းများသည် အန္တရာယ်အဖြစ် သတ်မှတ်ထားသော ရေမျက်နှာပြင်ထက် ကျော်လွန်ရောက်ရှိခဲ့သည်။

ဒေသ အာဏာပိုင်များသည် ကူမာမိုတိုဒေသနှင့် ကျူရှူဒေသတွင်းရှိ တခြားနေရာများ၌ နေထိုင်လျက်ရှိသည့် ဒေသခံများကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရေး အမိန့်များ ထုတ်ပြန်ခဲ့သည်။

ရေများ တစ်ဟုန်ထိုးထိုးဆင်းလာသောကြောင့် တံတားတစ်စင်း ပြိုကျခဲ့သည်။ အနီးနားရှိဒေသများကိုလည်း ရေများဖုံးလွှမ်းသွားခဲ့ပြီး နေအိမ်များအထိ ရေများ တက်လာခဲ့သည်။ ကူမာမိုတိုဒေသတစ်ဝန်းတွင် ရေများ ဖုံးလွှမ်းခဲ့ပြီး အထူးသဖြင့် ဘုရားကျောင်းခန်းမကြီးလည်း ပျက်စီးခဲ့သည်။ မြေပြိုခြင်းများနှင့် ရေကြီးခြင်းများကြောင့် သစ်ပင်များ အမြစ်ကျွတ်ထွက်လဲကြကုန်ပြီး အနီးဝန်းကျင်ဒေသရှိ ခုံတံတားများလည်း လဲပြိုခဲ့သည်။

လွန်ခဲ့သော လေးရက်အတွင်း အဆိုပါဒေသတစ်ဝန်း၌ မိုးရေချိန်မှာ ၆၀၀ မီလီမီတာ ကျော်လွန်ရောက်ရှိ မှတ်တမ်းတင်ခဲ့သည်။ အဆိုပါမိုးရေချိန်သည် ဇူလိုင်တစ်လလုံးရွာသွန်းသော မိုးရေချိန်ကို ကျော်လွန်သွားခဲ့သည်။

ကျူရှူ တောင်ပိုင်းတွင် လေဆိုင်စုံများ ဆက်လက်တည်ရှိနေသောကြောင့် မိုးအဆက်မပြတ် ရွာသွန်းမှုများ ဆက်လက်ဖြစ်ပွားမည်ဟု ခန့်မှန်းခဲ့သည်။ ဇူလိုင် ၄ ရက်အထိ ၂၄ နာရီ ကာလအတွင်း မိုးရေချိန် ၃၀၀ မီလီမီတာအထိ ရောက်ရှိမည်ဟု ခန့်မှန်းထားသည်။

ရေကြီး မြေပြိုမှုများအပြင် မိုးကြိုးပစ်ခြင်းနှင့် လေပြင်းများ တိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် မိုးလေဝသအရာရှိများက ပြည်သူများကို သတိနှင့်နေထိုင်ရန် တိုက်တွန်းနှိုးဆော်ထားသည်။

အင်န်အိတ်ချ်ကေ



ကျူရှူဒေသ၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေများတစ်ဟုန်ထိုး ထိုးဆင်းလာသောကြောင့် တံတားတစ်စင်း ပြိုကျပြီး ရေနောက်ပါတော့မည်ကို တွေ့ရစဉ်။

# ဂျပန်နိုင်ငံ တိုကျိုမြို့လယ်၌ ပေါက်ကွဲမှုဖြစ်ပွား၊ လေးဦးထိခိုက်ဒဏ်ရာရရှိ

**တိုကျို ဇူလိုင် ၃**

ဂျပန်နိုင်ငံ တိုကျိုမြို့လယ်ရှိ ရှင်ဘားရှီဘူတာရုံအနီးတွင် ဇူလိုင် ၃ ရက် မွန်းလွဲပိုင်းက ပေါက်ကွဲမှုတစ်ခုဖြစ်ပွားရာ လေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ပေါက်ကွဲမှုမှာ ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီ ၁၅ မိနစ်ဝန်းကျင်တွင် ဖြစ်ပြီး ဂျေအာရ် ရှင်ဘားရှီ ဘူတာရုံမှ မီတာ ၃၀၀ ခန့်အကွာ ရှစ်ထပ်အဆောက်အအုံ တစ်လုံးအတွင်း မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့ဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

တိုကျိုမြို့ ရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်အရ ပေါက်ကွဲမှုကြောင့် လေးဦးအသေးစားထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့ထဲမှ နှစ်ဦးမှာ လမ်းသွားလမ်းလာများဖြစ်ပြီး ကျန်နှစ်ဦးမှာ ပေါက်ကွဲမှုဖြစ်ပွားသော စားသောက်ဆိုင်မှ အလုပ်သမားများဖြစ်ကြောင်း သိရသည်။ အရေးပေါ်ထွက်ပေါက်မှတစ်ဆင့် ထိခိုက်ဒဏ်ရာရရှိသူ သုံးဦး ထွက်ပြေးလွတ်မြောက်သွားသည်ကို သတင်းထောက်များက မြင်တွေ့ခဲ့သည်ဟု ဆိုသည်။

မီးသတ်ဌာန၏ ထုတ်ပြန်ချက်အရ အဆောက်အအုံ၏ဒုတိယထပ်နှင့် တတိယထပ်မှာ ပေါက်ကွဲမှုကြောင့် မီးလောင်ပျက်စီးသွားကြောင်း၊ ပေါက်ကွဲမှုဖြစ်ပွားရာ နေရာသည်ရုံးခန်းနှင့် စားသောက်ဆိုင် များစွာရှိကြောင်း သိရသည်။

ပေါက်ကွဲမှု ဖြစ်ပွားရခြင်း အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

ဆင်ဟွာ



# မြေငလျင်ဒဏ် ခံနိုင်ရည်ရှိသော အဆောက်အအုံများ တိုင်းတာသည့် အစီအစဉ် သီရိလင်္ကာ စတင်

**ကိုလံဘို ဇူလိုင် ၃**

မြေငလျင်ဒဏ်ကို ခံနိုင်ရည်ရှိသော အဆောက်အအုံများနှင့် အဆောက်အအုံသစ်များကို တိုင်းတာသည့် အစီအစဉ်တစ်ရပ် သီရိလင်္ကာနိုင်ငံတစ်ဝန်း စတင်လိုက်ကြောင်း နိုင်ငံ၏ ဘူမိဗေဒ စစ်တမ်းနှင့် သတ္တုတွင်းဗျူရို (ဂျီအက်စ်အမ်ဘီ) က ဇူလိုင် ၃ ရက်တွင် ပြောသည်။

လွန်ခဲ့သည့်နှစ်အတွင်း သီရိလင်္ကာနိုင်ငံတစ်ဝန်း မြေငလျင်အသေးစားများ လှုပ်ခတ်ခဲ့ကြောင်း ဂျီအက်စ်အမ်ဘီမှ အကြီးတန်း ဘူမိရူပဗေဒပညာရှင် မာဟင်ဒါ ဆီနီဗီရန်တီက ရုပ်မြင်သံကြားသို့ ပြောသည်။ သီရိလင်္ကာ အရှေ့တောင်ဘက် ကမ်းလွန်၌ ဇူလိုင် ၁ ရက်က ပြင်းအား ၅ ဒသမ ၈ အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ကြောင်း ၎င်းက ဖြည့်စွက်ပြောသည်။

အထူးသဖြင့် ဇူလိုင် ၁ ရက်က ငလျင်လှုပ်ခတ်ပြီးနောက် အဆောက်အအုံများ၏ ဘေးကင်းလုံခြုံမှုနှင့် ပတ်သက်ပြီး စုံစမ်းမေးမြန်းမှုများစွာကို ဂျီအက်စ်အမ်ဘီအနေဖြင့် လက်ခံရရှိထားကြောင်း သိရသည်။ ငလျင်လှုပ်ခတ်မှုမှာ မြို့တော်ကိုလံဘိုနှင့် ၁ ၂၆၀ ကီလိုမီတာအကွာ ပင်လယ်ရေနက်ပိုင်းတွင် ဖြစ်ပွားခဲ့ကြောင်း ဂျီအက်စ်အမ်ဘီ က ပြောသည်။ ကိုလံဘိုနှင့် ဂါလီခရိုင်တို့၌ နေထိုင်သူများသည် ငလျင်လှုပ်မှုကို ခံစားခဲ့ရကြောင်း သိရသည်။

ဆင်ဟွာ

# လာအိုနိုင်ငံ၌ ယခုနှစ် ပထမခြောက်လအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၇၁၉၇ ဦးရှိ


**ဗီယင်ကျန်း ဇူလိုင် ၃**

လာအိုနိုင်ငံ၌ ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ကြည့်ပါက ယခုနှစ်ပထမခြောက်လအတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုတိုးလာကြောင်း သိရသည်။

လာအိုနိုင်ငံ၌ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၇၁၉၇ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူ တစ်ဦးရှိကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ကျန်းမာရေးဆိုင်ရာသတင်းအချက်အလက်နှင့် ပညာရေးစင်တာက ဇူလိုင် ၃ ရက်တွင် ထုတ်ပြန်ထားသည်။ အူဒူမက်စီပြည်နယ်၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု အမြင့်ဆုံးမှတ်တမ်းတင်ခဲ့သည်။ ပြီးခဲ့သည့်နှစ် ယခုကာလတွင် လာအိုနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၆၀၄၇ ဦးရှိပြီး သေဆုံးသူ ရှစ်ဦးရှိသည်။

အစိုးရက ဗိုင်းရပ်စ်ပျံ့နှံ့မှုကို ထိန်းချုပ်ရန်နှင့် ခြင်ကိုက်ခံရခြင်းမှ ကာကွယ်ရန်နည်းလမ်းများကို ပြည်သူများ ပိုမိုသိရှိနားလည်ရန် အားထုတ်ကြိုးပမ်းမှုကြောင့် သေဆုံးသူအရေအတွက် ကျဆင်းခဲ့ကြောင်း သိရသည်။ သွေးလွန်တုပ်ကွေးရောဂါတိုက်ဖျက်ရာတွင် အရေးကြီးသည့်ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုကောင်းမွန်လာစေရန်ရည်ရွယ်ပြီး ဆရာဝန်များနှင့် သူနာပြုများ၏ စွမ်းဆောင်ရည်များ ဆက်လက်ဖွံ့ဖြိုးစေရန် လာအိုကျန်းမာရေးဝန်ကြီးဌာနက ကတိပြုထားကြောင်း သိရသည်။

ဆင်ဟွာ



ပျော်ရွှင်လေ့လာအင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ အရင်အပတ်ကဖော်ပြခဲ့တဲ့ Participle (ကြိယာနှင့်နာမဝိသေသနသဘောနှစ်မျိုးဆောင်ခြင်း) အကြောင်းကို ဆက်လက်ဖော်ပြလိုက်ပါတယ်။ အထူးသဖြင့် ဒီတစ်ပတ်မှာတော့ Past Participle အကြောင်း ပြည့်ပြည့်စုံစုံလေးရှင်းပြထားပြီး လေ့ကျင့်ခန်းများနဲ့ အားဖြည့်ပေးထားပါတယ်။ ဒါ့အပြင် စကားပြောပိုင်းမှာလည်း Shortest way to talk about "Different Lifestyles" မတူညီတဲ့ဘဝနေထိုင်မှုပုံစံများနဲ့ပတ်သက်ပြီး တစ်ယောက်နဲ့တစ်ယောက်အချီအချ ပြောဆိုသွားတဲ့ပုံစံလေးကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ ဝေဝေဆာဆာဖော်ပြပေးလိုက်ပါတယ်။ Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အဓိပ္ပာယ်တူ စကားလုံးတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ် လေ့လာဖတ်ရှုကြဖို့တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

ဒီတစ်ပတ်မှာတော့ အရင်အပတ်ကဖော်ပြခဲ့တဲ့ Participles အကြောင်းများနဲ့ပတ်သက်ပြီး Past Participle အကြောင်း နမူနာဝါကျများနဲ့ ဆက်လက်ဖော်ပြလိုက်ပါတယ်။ နားလည်မည်ဟု ယုံကြည်ရင်း လေ့ကျင့်ခန်းများကိုလည်း ဖြေကြည့်ပါဦး။

**Use of the Past Participle**

➢ The past participle is used in the formation of perfect tenses.

(Past participle ကို ပြီးမြောက်ပြီးဖြစ်သော ကာလများကို ရေးဖွဲ့ရာတွင် အသုံးပြုသည်။)

ဥပမာ – I have ***done*** my duty.
She has ***written*** a letter just now.
They should have ***walked*** to the forest.

➢ The past participle is used in the formation of passive voice.

(Past Participle ကို Passive voice (ကတ္တားအပြုခံ) ဝါကျများ ရေးဖွဲ့ရာတွင်လည်း အသုံးပြုသည်။)

ဥပမာ – Each boy ***is given*** 5000 kyats.
He ***was called*** by the teacher yesterday.
The boys ***were told*** to leave the place at once.

➢ The past participle is used as an adjective.

(Past participle ကို နာမဝိသေသန အဖြစ်လည်း သုံးသည်။)

ဥပမာ – My father bought a ***used*** motor bike for 50000 kyats.
We should drink ***boiled*** water.
A ***burnt*** child dreads the fire.
Mother threw away the ***broken*** glass.

➢ The past participle is used in adjective phrases.

(Past Participle ကို နာမဝိသေသနပုဒ်စုတွင်လည်း အသုံးပြုသည်။)

ဥပမာ – ***Accompanied by her mother***, she arrived here late in the evening.
***Exhausted by his journey***, he soon fell asleep.
***Seen from the hills***, the town looks beautiful.

**Exercise (1) Change the verbs in brackets to the infinitive or gerund as required.**

1. Lucy loves (sing) movie songs.
2. The little baby likes (play) with a doll.
3. James wished (come) with us.
4. The boys enjoyed (play) soccer.
5. (Sell) eggs in the market is her job.
6. (Look) in the mirror, she combs her hair neatly.
7. The children are excited (go) on a picnic.
8. The poor family has nothing (eat).
9. She has finished (write) letters to her friends.
10. The farmers did not stop (plough) till sunset.

**Exercise (2) Change the verbs in brackets to the V-ing or Ved/en form as required.**

1. Mother makes coffee with (boil) water.
2. I have a (boil) egg and (roast) chicken for dinner.
3. A (fall) tree blocks the road.
4. The thieves found the (hide) treasure.
5. The boy jumped down from a (move) train.
6. (Take) his books, he goes to school.
7. (Frightened) by the dog, the boys ran away.
8. (See) a bus coming, she rushed to the bus-stop.
9. (Be) very exhausted, they rested for a while.
10. Susan, (accompanied) by her sister, went to the station to meet her aunt.

ယခင်အပတ်လေ့ကျင့်ခန်းမှ အဖြေများ

**Exercise (1)** မှအဖြေများ


1. Walking down the street, the clock struck six. (wrong)
   Walking down the street, I heard the clock strike six. (right)
2. Being very ill, the doctor ordered U Hla to bed. (wrong)
   Being very ill, U Hla was ordered to bed by the doctor. (right)
3. Opening the door, the night was very dark. (wrong)
   Opening the door, he saw the night was very dark. (right)
4. Weather permitting, we shall have a picnic tomorrow. (right)
5. God willing, we shall succeed. (right)
6. The sun having set, the farmers return to the village. (right)
7. The cat being away, the mice will play. (right)
8. Seeing the tiger, the zebra ran away. (right)
9. Hearing a lot of noises, my mom woke up. (right)
10. Walking along the street, I saw Ma Ma. (right)

## VOCABULARY (SYNONYMS)

1. **small = little (သေးငယ်သော)**
2. **smell = scent (အနံ့၊ ရနံ့)**
3. **souvenir = memento (အမှတ်တရပစ္စည်း)**
4. **spectre = ghost (တစ္ဆေ၊ သရဲ)**
5. **squander = waste (ဖြုန်းတီးသည်၊ အချည်းနှီးဖြစ်သည်)**

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about "Different Lifestyles"

ဒီတစ်ပတ်မှာတော့ "Different Lifestyles" မတူညီတဲ့ဘဝနေထိုင်မှုပုံစံများနဲ့ ပတ်သက်ပြီး ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို Shortest way to talk about "different lifestyles ဆိုပြီးဖော်ပြလိုက်ပါတယ်။

**Conversation**

**Different Lifestyles**

Lewis: Are you ready to go?

Susan: Go where?

Lewis: We're meeting my parents at the new Italian place for lunch.

Susan: Oh, are we?

Lewis: Why have you got your gym clothes on?

Susan: I'm booked in with my personal trainer. I'm so sorry. I can't cancel. It costs me $ 40.

Lewis: Are you joking with me? This has been on the calendar for weeks. My mom and dad have travelled 2 hours to meet us, and you're going to the gym?

Susan: I honestly can't remember you telling me, I also can't eat pasta or pizza on my diet.

Lewis: Ok. This is going a little too far.

Susan: What do you mean?

Lewis: Susan, I love you and I love that you want to look after yourself.

Susan: Great, I love you too.

Lewis: But your obsession with your health and fitness is going too far. You spend more time with your personal trainer than with me.

Susan: No, I don't.

Lewis: Well, it certainly feels like it. Then, your diet is so controlled we can't go out for meals or drinks. It's making everything so complicated.

Susan: I'm so sorry you feel this way, I don't know what to say. My health and fitness mean so much to me. Our lifestyles have gone in different directions.

Lewis: Does it mean more to you than us?

Susan: I'm not sure. But I don't think I should be made to feel bad or give it all up.

Lewis: I understand. We'll talk about this later. Right now, I need to meet Mom and Dad.

**Language Focus**

(၁) Lewis: Are you ready to go?
Susan: Go where?

ဒီနေရာမှာ Lewis နဲ့ Susan တို့ ပြောတဲ့ပုံလေးကို လေ့လာကြည့်ရအောင်။ Lewis က သွားဖို့ အဆင်သင့်ဖြစ်ပြီလားလို့ Susan ကို မေးလိုက်ပါတယ်။ ဒီအကြောင်းကိုတော့ သူက Susan ကို ကြိုတင် မပြောထားတဲ့ပုံပါပဲ။ အဲဒီအချိန်မှာ Susan က ဘယ်ကို သွားလို့ သွားရမလဲ မသိဘဲ ဘယ်ကိုသွားရမလဲ ဆိုပြီး Go where လို့ ပြန်မေးတာကို တွေ့ရမှာပါ။ ဒီလိုပုံစံမျိုး ကျွန်တော်တို့ ခဏခဏ သုံးလေ့ရှိပါတယ်။ လိုတိုရှင်းပြန်မေးတဲ့ ပုံစံမျိုးလဲ ဖြစ်ပါတယ်။ တစ်ယောက်ယောက်က ဘာလုပ်မလဲ၊ဘယ်သွားမလဲဆိုတာ ကိုယ့်ကိုအသိမပေးဘဲ ရုတ်တရက်ကြီး အဆင်သင့်ဖြစ်ပြီလားလို့ မေးတဲ့အခါ ကိုယ်က ဘာလုပ်လို့ လုပ်ရမလဲမသိတဲ့အခါ။ ဘယ်သွားလို့ သွားရမလဲမသိတဲ့အခါ ဒီလိုမျိုးလေး ပြန်မေးတတ်အောင် လေ့ကျင့်ထားဖို့ လိုပါတယ်။

(၂) We're meeting my parents at ....

ဒီနေရာမှာ သုံးထားတဲ့ Tense ကိုပြောချင်တာပါ။ အနာဂတ်တစ်ချိန်ချိန်မှာ တစ်ခုခုလုပ်မယ်ဆိုပြီး ကြိုတင်စီစဉ်ထားတဲ့အခါ Present Continuous ကို သုံးပါတယ်။ ဒီနေရာမှာကတော့ မိဘတွေ့ဖို့ စီစဉ်ထားတယ်ဆိုပြီး ပြောတဲ့ပုံစံမျိုးပါပဲ။ ဥပမာ –

– We're meeting my parents at the new Italian place for lunch.

(၃) This is going a little too far.

ဒါကတော့ နည်းနည်းပိုလွန်းတယ်ဆိုပြီး ပြောတဲ့ ပုံစံမျိုးဖြစ်ပါတယ်။ တစ်ခုခုကို ပိုပိုသာသာ၊ လွန်လွန်ကျူးကျူး၊ ကဲကဲလေးလုပ်တဲ့အခါ ကျွန်တော်တို့ ပြောနိုင်တဲ့ စကားပြောပုံစံတစ်မျိုးပဲဖြစ်ပါတယ်။

(၄) It's making everything so complicated.

make ..... Adj ပုံစံမျိုးကို တစ်ခုခုက တစ်ခုခုကို ဖြစ်စေတဲ့အခါ သုံးနိုင်ပါတယ်။ ဥပမာ –

– This movie made me sad.
– It's making everything so complicated.

(၅) so much to me.

ငါ့အတွက် အရာရာပဲ။ ငါ့အတွက် ကမ္ဘာကြီးပဲဆိုပြီး ပြောချင်တဲ့အခါ ဒီလိုမျိုးလေးပြောနိုင်တာကို သတိရပါ။ တော်တော်များများသုံးကြပါတယ်။ ဥပမာ –

– My health and fitness mean so much to me.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း-၀၉-၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြား ငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့်လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay ၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများလှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများအသုံးပြုမှုများပြားသည့် CB Pay ၊ AYA Pay၊ OK $ ၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများအသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို) ဖြင့် လှူဒါန်းငွေများ ပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင်ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၇-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| 95 Ron | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (500 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (50 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (10 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၅၆ | ၁၉၂၇ |
| 95 Ron | ၁၉၆၅ | ၂၀၃၈ |
| HSD (500 ppm) | ၁၈၄၁ | ၁၉၀၇ |
| HSD (50 ppm) | ၁၉၁၅ | ၁၉၈၂ |
| HSD (10 ppm) | ၁၉၁၅ | ၁၉၈၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဆန်၊ ဆန်ကွဲ၊ မြေထောက်ပဲ၊ ပြောင်းနှင့် တစ်သျှူးငှက်ပျော အများဆုံးတင်ပို့

လွယ်ဂျယ်ကုန်သွယ်ရေးစခန်းအနေဖြင့် ဇွန် ၂၈ ရက်မှ ဇူလိုင် ၂ ရက်အတွင်း ကုန်သွယ်မှုဆောင်ရွက်ရာ၌ ပို့ကုန်ပိုင်းတွင် ဆန် ၂၈ ဒသမ ၅၀ တန်၊ ဆန်ကွဲ ၁၃၀ တန်၊ မြေထောက်ပဲ ၃၃ တန်၊ ပြောင်း ၄၄ တန်နှင့် တစ်သျှူးငှက်ပျော ၉၆ တန်တို့ အများဆုံး တင်ပို့နိုင်ခဲ့သည်။

ပို့ကုန်ပစ္စည်းဈေးနှုန်းများအနေဖြင့် မြေထောက်ပဲ တစ်တန်လျှင် ၁၄၈၄ ဒေါ်လာ၊ ဆန်ကွဲ တစ်တန်လျှင် ၄၀၈ ဒေါ်လာ၊ ဆန်တစ်တန်လျှင် ၄၆၄ ဒေါ်လာ၊ ပြောင်းတစ်တန်လျှင် ဒေါ်လာ ၃၁၀၊ တစ်သျှူး ငှက်ပျော တစ်တန်လျှင် ၃၃၄ ဒေါ်လာ ဖြစ်သည်။

သွင်းကုန်အနေဖြင့် ပိတ်လိပ်တန်ချိန် ၉၇ ဒသမ ၅၀ တန်၊ ဓာတ်မြေဩဇာ တန်ချိန် ၁၃၀ တန်၊ ကုန်စုံ တန်ချိန် ၅၈ ဒသမ ၄၀ တန်၊ ကော်စေ့တန်ချိန် ၁၅ ဒသမ ၀၀ တန်၊ ပီနံအိတ် တန်ချိန် ၁၃ တန်၊ ပလတ်စတစ်လိပ်တန်ချိန် ၃၂ တန်၊ စက်နှင့် စက်ပစ္စည်းအရေအတွက် နှစ်တန်၊ ဆောက်လုပ်ရေး လုပ်ငန်းသုံး သံချောင်း/သံပြား တန် ၆၀၊ လက်တွန်း ထွန်စက် အစီး ၄၀၊ မီးဖိုချောင်သုံးပစ္စည်း ၆၁ ဒသမ ၀၂ တန်၊ ချည်ခင် ၁၄ ဒသမ ၇၀ တန်၊ ထွန်စက် သုံးစီး၊ ဆေးနှင့် ဆေးပစ္စည်း အခု ၁၁၃၀၄၀၊ လျှပ်စစ် ပစ္စည်း ၇၅၀၀ တို့ အများဆုံး တင်သွင်းနိုင်ခဲ့သည်။

ဈေးနှုန်းများအနေဖြင့် လေးဘီးထွန်စက် တစ်စီးလျှင် ဒေါ်လာ ၈၀၀၀၊ နှစ်ဘီးထွန်စက်တစ်စီး လျှင် ဒေါ်လာ ၆၀၀၊ ပိတ်လိပ်တစ်တန်လျှင် ၅၉၇ ဒေါ်လာ၊ ကော်စေ့တစ်တန်လျှင် ဒေါ်လာ ၁၀၀၀၊ ပီနံအိတ် တစ်တန်လျှင် ၇၉၇ ဒေါ်လာ၊ ဓာတ်မြေဩဇာ တစ်တန်လျှင် ဒေါ်လာ ၃၅၀၊ ပလတ်စတစ်လိပ် တစ်တန်လျှင် ဒေါ်လာ ၇၀၀၊ ဂျပ်စက္ကူ တစ်တန် လျှင် ဒေါ်လာ ၃၅၀၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး သံချောင်း/ သံပြား တစ်တန်လျှင် ၆၇၉ ဒေါ်လာ၊ ချည်ခင်တစ်တန်လျှင် ၆၆၇ ဒေါ်လာဖြစ်သည်။

ငွေကြေးဈေးကွက်အနေဖြင့် ၂-၇-၂၀၂၃ ရက်တွင် တစ်ယွမ်လျှင် ၄၃၅ ကျပ်ဖြစ်သည်။

**DOT(Lweje)**

## မောင်တောကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများနှင့် စက်မှုကုန်ချောပစ္စည်းများကို အဓိကတင်ပို့လျက်ရှိ

မောင်တော ဇူလိုင် ၃

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဇွန်လ လျာထားချက်မှာ ပို့ကုန် ၁ ဒသမ ၀၀၀ ဒေါ်လာသန်း၊ သွင်းကုန် ၀ ဒသမ ၀၃၀ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ ၁ ဒသမ ၀၃၀ ဒေါ်လာသန်းဖြစ်ပြီး ၁-၆-၂၀၂၃ မှ ၃၀-၆-၂၀၂၃ အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် ၀ ဒသမ ၃၈၆ ဒေါ်လာသန်း၊သွင်းကုန် ၀ ဒသမ ၀၁၀ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ ၀ ဒသမ ၃၉၆ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့ပြီး လျာထားချက်အပေါ် ၃၈ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။

မောင်တော ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများနှင့် စက်မှုကုန်ချောပစ္စည်းများကို အဓိကတင်ပို့လျက်ရှိသည်။ ၁-၆-၂၀၂၃ မှ ၃၀-၆-၂၀၂၃ အထိ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ လယ်ယာထွက်ကုန်ပစ္စည်းမှ ကွမ်းသီး ၁၀ တန်၊ အုန်းသီး ၁၃ တန်၊ ဆီးသီးခြောက် ၆၃ ဒသမ ၃ တန်၊ ချင်း(အစို) ၁၀၈၆ ဒသမ ၅ တန်၊ တည်းသီး ၁၁၈ တန်၊ နနွင်းတက် ငါးတန်၊ ရေထွက်ပစ္စည်းမှ ငါးခေါင်းပွ ၂ ဒသမ ၅ တန်၊ ပုစွန်ခြောက် ၀ ဒသမ ၅ တန်၊ ငါးစုံလေးခြောက် ၄ တန်၊ စက်မှုကုန်ချောပစ္စည်းမှ လူကြီးစီးဖိနပ် အစုံ ၅၉၀၀၊ မုန့်ဖုတ်ခြောက် ၀ ဒသမ ၅ တန်၊ အဝတ်အထည် ၀ ဒသမ ၅ တန်၊ ချည်လုံးချည် ၁ ဒသမ ၉ တန်၊ သနပ်ခါးခဲ ၁၁ ဒသမ ၅ တန်၊ ဆီးယိုထုပ် ၆၄ တန် တင်ပို့ခဲ့သည်။ တင်သွင်းခဲ့သည့် ကုန်ပစ္စည်းများမှာ Plastic Pipe ၀ ဒသမ ၅ တန်၊ PVC Tank ၃၇ ခု၊ Water Hand Pump အခု ၂၀၊ သတ္တုရေကရား (Alumi-nium Water Pot) ၁ ဒသမ ၁ တန်နှင့် ယောကျ်ားဝတ်တီရှပ် ( Men’s T-Shirt) အခု ၃၅၀၀ တင်သွင်းခဲ့သည်။



မောင်တောကုန်သွယ်ရေးစခန်းမှ ချင်း(အစို)တင်ပို့မှု။

မောင်တော ကုန်သွယ်ရေးစခန်းမှ အများဆုံးတင်ပို့သည့် ပို့ကုန်ပစ္စည်းများ၏ ဈေးနှုန်းများမှာ ကွမ်းသီး တစ်တန်လျှင် ဒေါ်လာ ၁၀၀၀၊ ဆီးသီးခြောက် တစ်တန်လျှင် ဒေါ်လာ ၁၇၀၊ ချင်း(အစို) တစ်တန်လျှင် ဒေါ်လာ ၂၀၀၊ တည်းသီးတစ်တန်လျှင် ဒေါ်လာ ၃၀၀၊ Water Hand Pump တစ်ခုလျှင် ငွေကျပ် ၄၂၀၀၀၊ PVC Tank တစ်ခုလျှင် ငွေကျပ် ၈၄၀၀၀၊ Men's T-Shirt တစ်ခုလျှင် ငွေကျပ်၂၁၀၀၊ Plastic Pipe တစ်တန်လျှင် ငွေကျပ် ၃၁၅၀၀၀၀၊ Aluminium Water Pot တစ်တန်လျှင် ငွေကျပ် ၆၄၆၁၀၀၀ ဈေးနှုန်းရှိသည်။

ဒေသငွေလဲနှုန်း အခြေအနေမှာ ၃-၇-၂၀၂၃ ရက် ၁၁ နာရီတွင် ပြင်ပငွေလဲနှုန်းမှာ တစ်ဒေါ်လာလျှင် ၃၀၅၇ ကျပ်၊ ၁၁၄ ဒသမ ၅၁ တာကာ၊ ငွေကျပ် ၁၀၀ လျှင် ၃ ဒသမ ၇၅ တာကာ၊ တစ်တာကာလျှင် ၂၆ ဒသမ ၇၀ ကျပ်ဖြစ်ပေါ်လျက်ရှိသည်။ **DOT(Maungdaw)**

## စစ်တွေကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုဆောင်ရွက်နိုင်မှု အခြေအနေ

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံတို့အကြား ကုန်သွယ်မှုမြှင့်တင်နိုင်ရေးအတွက် မြန်မာ - ဘင်္ဂလားဒေ့ရှ် နယ်စပ်၌ ရခိုင်ပြည်နယ် စစ်တွေကုန်သွယ်ရေးစခန်းနှင့် မောင်တောကုန်သွယ်ရေးစခန်းတို့ ဖွင့်လှစ်၍ နယ်စပ်မှတစ်ဆင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

**ပို့ကုန်ဒေါ်လာသန်း ၀ ဒသမ ၀၀၈၃ ဆောင်ရွက်နိုင်**

စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၀၂၃ ခုနှစ် ဇွန် ၂၈ ရက်မှ ဇူလိုင် ၂ ရက်အထိ အကောက်ခွန်ဦးစီးဌာန၏ အမှန် တင်ပို့/တင်သွင်း စာရင်းများအရ ပို့ကုန်ဒေါ်လာသန်း ၀ ဒသမ ၀၀၈၃ ဆောင်ရွက်နိုင်ခဲ့သည်။

**မန်ကျည်းစေ့၊ ဆီးဖတ်နှင့် ချင်းအစိုတင်ပို့**

ပို့ကုန်ပစ္စည်းများအနေဖြင့် မန်ကျည်းစေ့ ၁၆၈ တန်၊ ဆီးဖတ် ၁၃၈ တန်၊ ချင်းအစို ၁၁၂ တန် တို့ကို တင်ပို့နိုင်ခဲ့သည်။ ငွေဈေးနှုန်းအနေဖြင့် တစ်ဒေါ်လာလျှင် ၁၀၈ ဒသမ ၁၈ တာကာနှင့် တစ်တာကာလျှင် ၂၆ ဒသမ ၇၀ ကျပ်ဖြစ်ကြောင်း သိရသည်။

**DOT (Sittwe)**

## ၃-၇-၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုချောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | ၁၆' ပဲရည် ရွှေ (တစ်ကျပ်သား) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၅၀၀ | | ၁၀၀၀၀ | ၈၀၀၀ | ၁၉၀၀၀ | ၂၈၀၀ | ၇၅၀၀ | ၇၅၀၀ | ၃၅၀၀ | ၈၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၄၀၀၀ | ၂၁၉၀၀၀၀ |
| ၂ | လားရှိုး | ၂၈၀၀ | ၂၈၀၀ | ၁၄၀၀၀ | ၈၅၀၀ | ၂၂၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၈၀၀ | ၇၅၀၀ | ၅၂၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ | ၂၁၃၀၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၂၅၀ | | ၁၆၀၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၃၃၀၀ | ၈၀၀၀ | ၈၈၀၀ | ၄၀၀၀ | ၃၅၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၁၀၀၀ | ၃၂၀၀၀၀၀ |
| ၄ | တောင်ကြီး | ၃၀၀၀ | ၂၆၀၀ | ၉၅၀၀ | ၇၅၀၀ | ၂၂၀၀၀ | ၂၈၀၀ | ၆၅၀၀ | ၆၅၀၀ | ၃၅၀၀ | ၃၇၀၀ | ၆၀၀ | ၈၀၀၀ | ၆၃၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၁၉၀၀၀ | ၁၅၀၀၀ | ၁၉၀၀၀ | ၁၀၀၀၀ | ၂၁၃၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၇၀၀၀ | ၈၈၀၀ | ၃၀၀၀၀ | ၃၃၀၀ | ၇၀၀၀ | ၅၇၀၀ | ၅၅၀၀ | ၄၅၀၀ | ၆၀၀ | ၈၀၀၀ | ၆၄၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ | ၂၁၂၅၀၀၀ |
| ၆ | ဘားအံ | ၂၇၀၀ | | ၁၂၀၀၀ | ၇၃၀၀ | ၁၆၀၀၀ | ၂၅၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၇၀၀၀ | ၈၀၀ | ၉၅၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၁၀၅၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၈၀၀၀ | ၂၁၄၀၀၀၀ |
| ၇ | မော်လမြိုင် | ၂၈၅၀ | | ၁၄၅၀၀ | ၇၀၀၀ | ၁၇၀၀၀ | ၂၆၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၂၁၇၀၀၀၀ |
| ၈ | ထားဝယ် | ၄၀၀၀ | | ၁၇၀၀၀ | ၇၂၀၀ | ၁၇၀၀၀ | ၂၈၀၀ | ၇၅၀၀ | ၈၀၀၀ | ၄၈၀၀ | ၈၈၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၅၀၀၀ | ၃၃၀၀ | ၃၆၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | | ၂၂၀၀၀၀၀ |
| ၉ | မြိတ် | ၃၀၀၀ | | ၁၆၀၀၀ | ၆၅၀၀ | ၁၆၀၀၀ | ၂၆၀၀ | ၉၅၀၀ | ၈၀၀၀ | ၄၆၀၀ | ၁၁၀၀၀ | ၈၀၀ | ၉၅၀၀ | ၆၅၀၀ | ၅၀၀၀ | ၃၅၀၀ | ၃၉၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | | ၂၁၇၅၀၀၀ |
| ၁၀ | ရန်ကုန် | ၂၉၀၀ | ၂၆၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၂၆၀၀ | ၉၀၀၀ | ၈၅၀၀ | ၉၀၀၀ | ၇၀၀၀ | ၆၀၀ | ၇၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၃၂၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၂၉၀၀၀၀၀ |
| ၁၁ | ပုသိမ် | ၂၈၀၀ | | ၁၄၀၀၀ | ၇၅၀၀ | ၁၇၀၀၀ | ၂၅၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၇၀၀၀ | ၄၀၀ | ၆၅၀၀ | ၆၁၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၇၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ | ၂၀၄၀၀၀၀ |
| ၁၂ | စစ်တွေ | ၃၄၀၀ | ၃၂၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၈၅၀၀ | ၆၀၀ | ၈၀၀၀ | ၆၅၀၀ | ၂၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | | ၂၁၈၀၀၀၀ |
| ၁၃ | ဟားခါး | ၄၃၅၀ | | ၁၈၅၀၀ | | ၂၅၀၀၀ | ၃၀၀၀ | ၇၀၀၀ | | | ၄၀၀၀ | ၁၀၀၀ | | ၆၀၀၀ | | ၄၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | | ၁၂၀၀၀ | ၂၁၃၀၀၀၀ |
| ၁၄ | မုံရွာ | ၄၁၀၀ | | ၁၃၅၀၀ | ၈၀၀၀ | ၁၉၀၀၀ | ၂၁၀၀ | ၆၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀ | ၆၆၀၀ | ၇၀၀၀ | ၄၀၀၀ | ၂၃၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ | ၂၉၅၀၀၀၀ |
| ၁၅ | မန္တလေး | ၃၅၀၀ | ၂၇၀၀ | ၁၃၅၀၀ | ၇၅၀၀ | ၂၂၀၀၀ | ၂၂၀၀ | ၇၂၀၀ | ၈၀၀၀ | ၄၅၀၀ | ၇၅၀၀ | ၈၀၀ | ၈၇၀၀ | ၆၈၀၀ | ၆၀၀၀ | ၂၈၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၂၀၃၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၅၀၀ | | ၁၃၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၂၃၀၀ | ၈၅၀၀ | ၈၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၆၅၀ | ၇၅၀၀ | ၇၅၀၀ | ၃၀၀၀ | ၃၂၀၀ | ၃၄၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၇၅၀၀ | ၂၂၀၀၀၀၀ |
| ၁၇ | မကွေး | ၃၈၀၀ | | ၁၂၅၀၀ | ၇၅၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၆၅၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၁၀၀၀ | ၇၀၀၀ | ၇၅၀၀ | ၅၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၂၁၆၀၀၀၀ |
| ၁၈ | ပြည် | ၂၆၅၀ | | ၁၃၅၀၀ | ၇၈၀၀ | ၂၅၀၀၀ | ၂၅၀၀ | ၆၅၀၀ | ၈၀၀၀ | ၄၅၀၀ | ၈၀၀၀ | ၆၀၀ | ၆၀၀၀ | ၆၂၀၀ | ၄၀၀၀ | ၃၄၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၂၀၀၀၀၀ |
| ၁၉ | ပဲခူး | ၂၈၅၀ | | ၁၄၅၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၂၆၀၀ | ၆၈၀၀ | ၇၈၀၀ | | ၉၀၀၀ | ၆၀၀ | ၈၃၀၀ | ၆၈၀၀ | ၃၂၀၀ | ၃၀၀၀ | ၃၇၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၁၃၀၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၀၀၀ | | ၁၄၀၀၀ | ၆၇၀၀ | ၁၈၅၀၀ | ၂၀၀၀ | ၆၁၀၀ | ၇၂၀၀ | ၄၂၀၀ | ၅၇၀၀ | ၅၀၀ | ၇၀၀၀ | ၅၈၀၀ | ၄၀၀၀ | ၂၄၀၀ | ၃၄၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၂၁၄၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၀၀၀ | | ၁၄၅၀၀ | ၆၇၀၀ | ၂၀၀၀၀ | ၂၂၀၀ | ၆၁၀၀ | ၇၅၀၀ | ၄၅၀၀ | ၆၃၀၀ | ၅၀၀ | ၇၂၀၀ | ၅၈၀၀ | ၄၂၀၀ | ၂၆၀၀ | ၃၄၀၀ | ၁၂၀၀၀ | ၁၈၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၂၁၄၀၀၀၀ |
| ၂၂ | ကလေး | ၃၂၀၀ | ၃၁၀၀ | ၁၄၀၀၀ | ၈၃၀၀ | ၂၂၀၀၀ | ၂၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၇၀၀ | ၈၀၀၀ | ၆၃၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၂၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၈၀၀၀ | ၈၀၀၀ | ၂၁၅၀၀၀၀ |

မှတ်ချက်။ (၁) စားအုန်းဆီတစ်ပိဿာလျှင် တောင်ကြီးတွင် ငွေကျပ် ၁၀၀၊ ဘားအံ၊ ပုသိမ်နှင့် ကလေးတွင် ငွေကျပ် ၃၀၀၊ မုံရွာနှင့် ပခုက္ကူတွင် ငွေကျပ် ၂၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် ထားဝယ်တွင် ငွေကျပ် ၁၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် လွိုင်ကော်နှင့် မော်လမြိုင်တွင် ငွေကျပ် ၁၀၀၀၊ ဘားအံတွင် ငွေကျပ် ၂၀၀၀၊ မြိတ်နှင့် ပြည်တွင် ငွေကျပ် ၅၀၀၊ (ကြူကုတ်စ) တစ်ပိဿာလျှင် ကျိုင်းတုံတွင် ငွေကျပ် ၃၀၀၊ ထားဝယ်နှင့် ပခုက္ကူတွင် ငွေကျပ် ၅၀၀၊ နနွင်းတက် တစ်ပိဿာလျှင် ဘားအံတွင် ငွေကျပ် ၅၀၀၊ ချင်းတစ်ပိဿာလျှင် ထားဝယ်တွင် ငွေကျပ် ၂၀၀၊ ဆားတစ်ပိဿာလျှင် ပခုက္ကူတွင် ငွေကျပ် ၅၀၊ မြေပဲဆန် တစ်ပိဿာလျှင် ဘားအံတွင် ငွေကျပ် ၁၂၀၀၊ ထားဝယ်တွင် ငွေကျပ် ၁၀၀၀၊ မြိတ်တွင် ငွေကျပ် ၅၀၀၊ ထားဝယ်တွင် ငွေကျပ် ၅၀၀၊ မန်ကျည်းသီး တစ်ပိဿာလျှင် မြိတ်တွင် ငွေကျပ် ၁၀၀၊ အာလူး တစ်ပိဿာလျှင် ဘားအံတွင် ငွေကျပ် ၅၀၀၊ မုံရွာတွင် ငွေကျပ် ၁၀၀ ဈေးတက်ခဲ့သည်။

(၂) ဧည့်မထဆန် တစ်ပြည်လျှင် ပြည်တွင် ငွေကျပ် ၁၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် ထားဝယ်တွင် ငွေကျပ် ၃၀၀၊ မန္တလေးတွင် ငွေကျပ် ၅၀၀၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ငွေကျပ် ၁၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် ဘားအံတွင် ငွေကျပ်၂၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ထားဝယ်တွင် ငွေကျပ် ၁၀၀၊ ချင်း တစ်ပိဿာလျှင် ဘားအံတွင် ငွေကျပ် ၅၀၀၊ ကုလားပဲဝါ တစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ငွေကျပ်၂၀၀၊ မန်ကျည်းသီး တစ်ပိဿာလျှင် ဘားအံတွင် ငွေကျပ် ၂၀၀၊ ထားဝယ်တွင် ငွေကျပ် ၁၀၀၀၊ ပခုက္ကူတွင် ငွေကျပ် ၅၀၀၊ အာလူး တစ်ပိဿာလျှင် ထားဝယ်တွင် ငွေကျပ် ၂၀၀၊ သကြား တစ်ပိဿာလျှင် မြိတ်နှင့် ပခုက္ကူတွင် ငွေကျပ် ၁၀၀၊ ကြက်သား တစ်ပိဿာလျှင် ထားဝယ်တွင် ငွေကျပ် ၅၀၀၊ အမဲသား တစ်ပိဿာလျှင် ကလေးတွင် ငွေကျပ် ၂၀၀၀ ဈေးကျခဲ့သည်။

# မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားများ တိုင်းဒေသကြီး၊ ပြည်နယ်များ၌ ကျင်းပ

**နေပြည်တော် ဇူလိုင် ၃**

၂၀၂၃ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်သော မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားများကို ဇူလိုင် ၃ ရက် နံနက်ပိုင်းက တိုင်းဒေသကြီး၊ ပြည်နယ်များ၌ကျင်းပရာ တိုင်းဒေသကြီး၊ ပြည်နယ် ဝန်ကြီးချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ် ဝန်ကြီးများ၊ အမျိုးသမီးကော်မတီ အဖွဲ့ဝင်များနှင့် အမျိုးသမီးအရေးကို ဆောင်ရွက်နေကြသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး၊ ပြည်နယ် ဝန်ကြီးချုပ်များက အမှာစကား ပြောကြားကြပြီး ယင်းနောက် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မြန်မာအမျိုးသမီးများနေ့ မှတ်တမ်း ဗီဒီယိုကလစ်ကို



တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိသူအား ဆုချီးမြှင့်ပေးအပ်စဉ်။



ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

ပြသသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်း ပညာရေး၊ အားကစား ထူးချွန်ဆုရသူများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်ပေးအပ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး၊ ပြည်နယ် ဝန်ကြီးချုပ်များနှင့် အခမ်းအနား တက်ရောက်သူများသည် အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု ခင်းကျင်းပြသထားသော မှတ်တမ်းဓာတ်ပုံများကို လှည့်လည် အားပေးကြည့်ရှုကြကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး၊ ပြည်နယ် (ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၂၀ တွေ့ရှိ

**(၃ - ၇ - ၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၈၀၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၈၇၃,၀၀၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၀,၅၁၆) ဦး ရှိပြီဖြစ်သည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၅) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၄၄၆) ဦး ရှိပြီဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

◆ *ကျောဖုံးမှ*

တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကတ္တားခေါင်း အခု ၂၀ အပါအဝင် ကုန်ပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄,၈၄၀,၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan AD Van တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅,၀၀၀,၀၀၀) ကိုလည်းကောင်း၊ ကျိုင်းတုံမြို့ ကျိုင်းဖောင်းရွာအနီး၌ ကျိုင်းတုံမြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Smile Tissue အခု ၈၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂,၄၀၀,၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅,၀၀၀,၀၀၀)ကိုလည်းကောင်း၊ ဝမ်တာပုံ ပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် နှစ်မိုင်ခန့်အကွာ (၂၄) မိုင်ရွာအနီး၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် တရုတ်စာတန်းပါ အိမ်သုံးဆေးဝါး အခု ၉၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁,၈၀၀,၀၀၀) ကိုလည်းကောင်း၊ မယ်ယန်း ပူးပေါင်းစစ်ဆေးရေးစခန်း၌ ကျိုင်းတုံမြို့မှ တာချီလိတ်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ ကျောက်စိမ်းအရိုင်းတုံး တစ်တုံးအား တွေ့ရှိရသဖြင့် ပူးပေါင်းအဖွဲ့များဖြင့် အသေးစိတ်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အဆိုပါ ကျောက်စိမ်းအရိုင်းတုံးသည် (၅၈) ကြိမ်မြောက် ရတနာပြပွဲတွင် တင်ပြရောင်းချခဲ့သည့် ကျောက်ဖြစ်သော်လည်း သယ်ဆောင်ခွင့်မပြုထားသည့် မြို့နယ်သို့ သယ်ဆောင်ခဲ့သဖြင့် အဆိုပါကျောက်စိမ်းအရိုင်းတုံး ၁၅၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀,၄၉၀,၃၆၀) ကိုလည်းကောင်း၊ ဝေလေလန်ပူးပေါင်း စစ်ဆေးရေးဂိတ်အနီး၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် Singha Beer Can ဘူး ၁၂၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁,၈၀၀,၀၀၀)နှင့် Fa Thai တံဆိပ်အချိုရည် ၁၉ ဖာ အပါအဝင် ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃,၀၃၃,၆၀၀) ကိုလည်းကောင်း၊ မယ်ယန်း ပူးပေါင်းစစ်ဆေးရေးစခန်းအနီး၌ ပိုင်ရှင်မဲ့ Table Fan အခု ၅၀ အပါအဝင် ကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃,၇၅၀,၀၀၀) ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၈,၁၁၃,၉၆၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ ဇွန် ၃၀ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က ကော့ကရိတ် (တံတားကျိုး) စုပေါင်း စစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ဘားအံမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် Lipovitan-D ပုလင်း ၆၂၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂,၅၀၀,၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀,၀၀၀,၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂,၅၀၀,၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၃၀ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ အကောက်ခွန် အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် YOGOOD Drinking Yoghurt ဘူး ၂၈၈၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄,၈၀၀,၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅,၀၀၀,၀၀၀) ကိုလည်းကောင်း၊ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Wai Wai Instant Rice Vermicelli ထုပ် ၁၁၇၀၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃,၅၇၅,၀၀၀) နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Higer Express Bus တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅,၀၀၀,၀၀၀) ကိုလည်းကောင်း၊ ကျိုက်ထိုမြို့မှ ပဲခူးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် Gaysorn Vegetable Cooking Oil ဘူး ၁၄၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂,၅၉၀,၀၀၀) နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀,၀၀၀,၀၀၀) ကို လည်းကောင်း၊ ရေပူအမြဲတမ်းစစ်ဆေးရေး စခန်း၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် Car Wind Screen Glass Shield ၂၅ ခု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅,၀၀၀,၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၅,၀၀၀,၀၀၀) ကို လည်းကောင်း၊ MITT ဆိပ်ကမ်း၌ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ သွင်းကုန်လိုင်စင် မရရှိမီ ဆိပ်ကမ်းသို့ ရောက်ရှိသည့် ရက် ၆၁ ရက် ကျော်လွန်နေသည့် Solar Installaion Accessories: Cable Tray ၂၆၈၂၈ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀,၇၀၅,၀၀၀) နှင့် သွင်းကုန် ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် Spray Gun အခု ၆၀၀ အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆,၅၀၀,၀၀၀) ကိုလည်းကောင်း၊ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာ ပါရှိလာသည့် 3G Engine Oil ၆၈၂၀၈ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈၀,၂၇၇,၈၃၆) ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ လေဆိပ် (သွင်းကုန်) ၌ ဝန်စည်များအတွင်းမှ သွင်းကုန်လိုင်စင် မရရှိမီ လေဆိပ်သို့ ရောက်ရှိသည့် ရက် ၆၁ ရက် ကျော်လွန်နေသည့် Brand New Blowing Machinery Parts ၀ ဒသမ ၁၃ ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁,၀၇၄,၅၄၄) နှင့် တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Furong-wang စီးကရက် ၁၀ တောင့် အပါအဝင် ကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁,၅၈၀,၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေး အမှတ်(၂) လမ်းဆုံ ဇရပ်ကွင်းကျေးရွာအနီး၌ မော်တော်ယာဉ်တစ်စီးအား စိစစ်၍ ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲသို့ ပို့ဆောင်ပြီး အသေးစိတ် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်းမရှိသည့် Aluminium Frame For Constructions ၁၇၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀,၅၃၇,၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Volvo Tractor Head တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀,၀၀၀,၀၀၀) နှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀,၀၀၀,၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၁,၆၃၉,၃၈၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။ သို့ဖြစ်ပါ၍ ဇွန် ၃၀ ရက်တွင် ဖမ်းဆီး ရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၆ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၂,၂၅၃,၃၄၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့၌ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ကဏ္ဍမျိုးစုံတွင် ထူးချွန်စွာကြိုးပမ်းခဲ့ကြသူများအား ဂုဏ်ပြုဆုများချီးမြှင့်

နေပြည်တော် ဇူလိုင် ၃

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ကဏ္ဍမျိုးစုံတွင် ထူးချွန်စွာ ကြိုးပမ်းခဲ့ကြသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ရောရွှေဝါခန်းမတို့၌ ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီးများမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်များက အမှာစကားပြောကြားပြီး အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို Video Clip ဖြင့် ပြသသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက ကျောင်းသား၊ ကျောင်းသူများ၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) တို့မှ သီဆို၊ ကပြဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ကဏ္ဍပေါင်းစုံတွင် ထူးချွန်စွာ စွမ်းဆောင်နိုင်ခဲ့ကြသည့် အမျိုးသမီးများကိုလည်းကောင်း၊ ဂုဏ်ပြုဖျော်ဖြေ တင်ဆက်ခဲ့သည့် အဖွဲ့များကိုလည်းကောင်း၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံးအဆင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသူများကိုလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အမျိုးသမီးများ၏ စွမ်းဆောင်မှု လက်မှုပညာပစ္စည်းပြခန်းများနှင့် ဓာတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ကွန်ပျူတာတက္ကသိုလ်ဝင်းအတွင်း၌ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်



ကြည်ခိုင်နှင့် တက်ရောက်လာကြသူများက ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၈၁၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့နယ်ရှိ ရွာသစ်ကေ-ဇော်မတက်-မင်းဂံကျေးရွာချင်းဆက် ကွန်ကရစ်လမ်းအား ဒေသခံပြည်သူများနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များစုပေါင်း၍ ပြန်လည်ပြုပြင်ခြင်းများဆောင်ရွက်

နေပြည်တော် ဇူလိုင် ၃

မိုခါ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ရွာသစ်ကေကျေးရွာ အနီးရှိ ရွာသစ်ကေ-ဇော်မတက်-မင်းဂံ ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းအား ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများစုပေါင်း၍ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် ကွန်ကရစ်လမ်း ဝဲယာ လမ်းပခုံး ပျက်စီးမှုများအား ပြုပြင်ခြင်း၊ နုန်းမြေများအား ဖယ်ရှားရှင်းလင်းခြင်း၊ တံတားအောက် ချောင်းရေ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် အမှိုက်များ ဆယ်ယူပေးခြင်း လုပ်ငန်းများကို စက်ယန္တရားများဖြင့် စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေသူများအား အချိုရည်ဘူးများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကောလင်းမြို့အတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် အသက် ရှစ်နှစ်အရွယ် ကလေးငယ်တစ်ဦးအပါအဝင် အမျိုးသမီးသုံးဦး သေဆုံးပြီး အမျိုးသား တစ်ဦး ထိခိုက်ဒဏ်ရာရရှိ



ကောလင်းမြို့အတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများ ပစ်ခတ်ခဲ့သည့် လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့သည့် နေရာပြပုံ။

နေပြည်တော် ဇူလိုင် ၃

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့အတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက ဇူလိုင် ၁ ရက် ညပိုင်းတွင် လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် အသက် ရှစ်နှစ်အရွယ် ကလေးငယ် တစ်ဦး အပါအဝင် အပြစ်မဲ့ အရပ်သား ပြည်သူသုံးဦး သေဆုံးပြီး တစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ကောလင်းမြို့ အတွင်းနှင့် ကျော်ဇေယျ (၁) ရပ်ကွက်ရှိ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးရုံးအား PDF အမည်ခံ အကြမ်းဖက်သမားများက ဇူလိုင် ၁ ရက် ည ၁၂ နာရီ မိနစ် ၂၀ ခန့်တွင် မြို့၏အနောက်ဘက် မီတာ ၅၀၀ ခန့် အကွာမှနေ၍ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ရာ လက်နက်ကြီးကျည်များသည် ရုံး၏အနောက်တောင်ဘက် မီတာ ၁၅၀ ခန့်အကွာရှိ လူနေအိမ်တစ်လုံးပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် နေအိမ်အတွင်း အိပ်ပျော်နေသည့် အသက် ရှစ်နှစ်အရွယ်ကလေးငယ် တစ်ဦးအပါအဝင် အမျိုးသမီး သုံးဦး လက်နက်ကြီးကျည်များ ထိမှန်သေဆုံးခဲ့ပြီး အမျိုးသား တစ်ဦး (စိုးရိမ်ရ) ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် ဒဏ်ရာရရှိသူအား ကောလင်းမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ အပြစ်မဲ့ အရပ်သားပြည်သူများ နေထိုင်ရာ မြို့အတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများအား ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသ တည်ငြိမ် အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေး လုပ်ငန်းများအား ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ထန်းကုန်းကျေးရွာနေ မိုးမိုးစံသည် ၎င်းအသုံးပြုသည့် “လမင်းကဗျာ” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် အောင်ဆန်းရပ်ကွက်နေ မြင့်ဇော်(ခ)ဖိုးဇော်သည် ၎င်းအသုံးပြုသည့် “Myint Zaw” Facebook အကောင့်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ရွှေညောင်မြို့နယ် မင်္ဂလာအောင်မြေရပ်ကွက်နေ ခင်မောင်သန်း (ခ) မောင်သန်းသည် ၎င်းအသုံးပြုသည့် “U Lay” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**







# မုတ်သုံဦးအထိမ်းအမှတ် စက်ဘီးစီးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

လားရှိုး ဇူလိုင် ၃

၂၀၂၃ ခုနှစ် မုတ်သုံဦးအထိမ်းအမှတ် စက်ဘီးစီးပြိုင်ပွဲကို ဇူလိုင် ၁ ရက် နံနက် ၅ နာရီခွဲက လားရှိုးမြို့ ဘူတာလမ်း လားရှိုးမိုတယ်ရှေ့၌ ကျင်းပရာ ပြိုင်ပွဲသို့ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းမြောက်) ဥက္ကဋ္ဌ ဦးမျိုးကျော်နှင့် ပြည်နယ်ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အားကစားသမားများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးက အမှာစကားပြောကြားပြီး ပြိုင်ပွဲကို စတင်ရာ အသက် ၂၅ နှစ်အောက် ပြိုင်ပွဲနှင့် အသက် ၂၅ နှစ်အထက် ပြိုင်ပွဲတွင် ဆုရရှိသူများကို တိုင်းမှူး **(အောက်ပုံ)** နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

**ဆုများ ပေးအပ်ချီးမြှင့်**

ပြိုင်ပွဲတွင် ဆုချီးမြှင့်ငွေများအနေဖြင့် ပထမဆု ငွေကျပ်ငါးသိန်း၊ ဒုတိယဆု ငွေကျပ်လေးသိန်း၊ တတိယဆု ငွေကျပ်သုံးသိန်း၊ စတုတ္ထဆု ငွေကျပ်နှစ်သိန်း၊ ပဉ္စမဆု ငွေကျပ်တစ်သိန်း၊ ဆဋ္ဌမဆု၊ သတ္တမဆု ငွေကျပ် ငါးသောင်းစီဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီမွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃-၇-၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၉၂၀ ကျပ် | ၁၉၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၀၀၀ ကျပ် | ၂၀၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၉၀ ကျပ် | ၂၀၃၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၈၅ ကျပ် | ၂၁၃၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၀၀၀ | ၈၀၀၀ | ၃၃၀၇ | ၂၆၄၅၆၀၀၀ |
| MTSH | ၂၈၅၀ | ၂၈၅၀ | ၇၁၅၀ | ၂၀၃၇၇၅၀၀ |
| MCB | ၇၂၀၀ | ၇၂၀၀ | ၆၇ | ၄၈၂၄၀၀ |
| FPB | ၁၅၀၀ | ၁၄၅၀ | ၁၂၀၃ | ၁၇၅၃၀၀၀ |
| TMH | ၂၃၅၀ | ၂၃၅၀ | ၁၂၅ | ၂၉၃၇၅၀ |
| EFR | ၂၃၅၀ | ၂၄၅၀ | ၂၀ | ၄၈၀၀၀ |
| AHPC | ၀ | ၀ | ၀ | ၀ |
| MAEPC | ၁၈၀၀ | ၁၈၅၀ | ၂၀၂၉ | ၄၆၄၅၀ |

ညီညီ - စုစည်းသည်

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၉)နှစ်(၆)လထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၂) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ(၃၁)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုး ညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ ဩဂုတ်လ(၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၉)နှစ်(၆)လထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ (သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၂) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ(၃၁)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ ဩဂုတ်လ(၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၉)နှစ်(၆)လထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၂) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

